ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (17-6-2010) (၆၄၃၂)

မွန်ပြည်နယ် မုဒုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဇွန်　　၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၄ ရက် နံနက် ၉ နာရီတွင် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ၌ ကျင်းပသော မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မွန်ပြည်နယ်၏ မိုးစပါးစိုက်ပျိုးပြီးအခြေအနေနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ယခင်နှစ် စိုက်ဧကထက် လျော့နည်းမှုမရှိစေရန်၊ မြေဩဇာ စနစ်တကျသုံးစွဲခြင်းနှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းတို့အပြင် အလေအလွင့် နည်းစွာဖြင့် ရိတ်သိမ်းခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဘဲရမ်းကွင်း အထူးဇုန် မိုးစပါးစိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော်　　ဇွန်　　၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၅/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၇၅/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်)
တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ
Ethnic National Development Party (ENDP) အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းပီ၊ အိမ်အမှတ် (အ/၉၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ** Ethnic National Development Party (ENDP) အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP)၏ မှတ်ပုံတင်အမှတ်မှာ (၃၃) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော်　　ဇွန်　　၁၆

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော ပါတီများအနက် ကမန်အမျိုးသားတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇွန် ၁၆ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

မှတ်ပုံတင်ခွင့်ပြု

ယင်းသို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၃၄)ပါတီအနက် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ခုနှစ် ဇွန် ၁၆ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုလိုက်သည်။

စိစစ်ဆောင်ရွက်

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၄)ပါတီအနက် ပါတီ(၃၃)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၁၇-၆-၂၀၁၀
(ကြာသပတေးနေ့)

ပေါင်းစည်းညီညွတ်ဖွံ့ဖြိုးမှု ဦးတည် ရိုးမဖြတ်ကျော်လမ်းသစ်များ ဖောက်လုပ်ဝေစည်

ပြည်ထောင်စုတစ်ဝန်း ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသည်။ ဒေသဖွံ့ဖြိုးမှုအခြေခံ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ဦးစားပေးဖော်ဆောင်လျက်ရှိသည်။ ကားလမ်း၊ ရထားလမ်းသစ် အများအပြားကို ဖြန့်ကြက်ဖောက်လုပ်ပေးထားပြီ။ မြစ်ကူးချောင်းကူး တံတားကြီးငယ် အသွယ်သွယ်တည်ဆောက်ပေးနေသည်။ ဒေသအလိုက် ကူးသန်းဆက်သွယ်ရောင်းဝယ်မှုများ ဖွံ့ဖြိုးတိုးတက် စည်ပင်လျက်ရှိသည်။

မကွေးတိုင်းအတွင်း ဧရာဝတီမြစ်ကူးတံတားကြီးများ အပါအဝင် တံတားကြီးငယ်များ၊ ရထားလမ်းများ၊ ရိုးမဖြတ်ကျော်လမ်းများနှင့် ခရိုင်ချင်းဆက်၊ မြို့နယ်ချင်းဆက်လမ်းများကို အင်တိုက်အားတိုက် ဖောက်လုပ်လျက်ရှိသည်။ ဖောက်လုပ်ဆဲလမ်းမကြီးများတွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ပဲခူးရိုးမကို ဖြတ်ကျော်၍ နေပြည်တော်နှင့် မကွေးမြို့ကို ဆက်သွယ်ပေးမည့် ၁၀၇မိုင်ကျော်ရှည်သည့် လမ်းသစ်ကြီးဖြစ်သည်။

ယခုအခါ မြေသားလမ်းကြီးပြီးစီးနေပြီ။ ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများ မြေသားလမ်းအဆင့်တွင်ပင် ခရီးသွားလာကုန်စည်ပို့ဆောင်နေကြပြီ။ ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆက်လက်ဖောက်လုပ်ဦးမည်။ ရိုးမဖြတ်လမ်းမကြီးနှင့် ဆက်စပ်၍ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာပေမည်။

နိုင်ငံတော်အစိုးရက နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး) လမ်းအပါအဝင် ပဲခူးရိုးမဖြတ်ကျော် လမ်းသစ်များဖောက်လုပ်ခြင်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းတို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားချင်းချစ်ကြည်ရင်းနှီးမှုကို ပိုမိုအထောက်အကူပြုနိုင်နေပြီ။ မိုင် ၁၂၀ ကျော်ရှိသည့် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းဟောင်းကို မတ်လအတွင်းက ကတ္တရာလမ်းသစ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ရာ ပဲခူးတိုင်းအနောက်ခြမ်း ပြည်မြို့နှင့် ပဲခူးတိုင်းအရှေ့ခြမ်း တောင်ငူမြို့တို့ ခရီးလည်းတို၊ အနေလည်းနီး တပေါင်းတစည်းတည်း ဖွံ့ဖြိုးစည်ပင်လာပေတော့မည်။

ကားလမ်းသစ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်နေသကဲ့သို့ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့က ဖောက်လုပ်နေသည်။ လုပ်ငန်းရှင်များကလည်း B.O.T စနစ်ဖြင့် လမ်းများဖောက်လုပ်နေသည်။ လမ်းများ အရှည်တည်တံ့ခိုင်ခံ့ အသုံးပြုနိုင်စေရန် စံချိန်စံညွှန်းပြည့်မီစေရေး စနစ်တကျ ကြိုးပမ်းကြရပေမည်။

ပြည်ထောင်စုတစ်ဝန်း၌ လွယ်ကူစွာ ခရီးသွားလာနိုင်သည့် ကားလမ်းသစ်၊ ရထားလမ်းကွန်ရက်များ တိုးချဲ့ဖောက်လုပ်ပေါ်ထွက်နေပြီ။ တောင်ပေါ်မြေပြန့် ပင်လယ်ကုန်းတွင်းဒေသအနှံ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် အားထုတ်ကြိုးပမ်းလျက်ရှိသည်။ တိုင်းရင်းသားပြည်သူချင်း ရင်းနှီးချစ်ခင်မှုများမှသည် စည်းလုံးညီညွတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

ပုသိမ်မြို့ သာယာလှပရေးအတွက် မဟာဗန္ဓုလလမ်းဘေး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် မြေယာရှုခင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မင်းနိုင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ စာပေဗိမာန် စာမူဆု သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ)ဒုတိယဆုရ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ရေးသားသည့် "သိကောင်းစရာ e-commerce"စာအုပ်၊ ပြဇာတ်စာပေ တတိယဆုရ မောင်ဆန္ဒ (လယ်ဝေး) ရေးသားသည့် "ပိုး"ပြဇာတ်စာအုပ်၊ လူငယ်စာပေ တတိယဆုရ အောင်ကျော်ဆန်းရေးသားသည့် "အညတရ ဘဝရေဆန်"စာအုပ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ သိန်းသန်းဝင်း(မလှိုင်) ရေးသားသည့် "မြန်မာ့ဆိုင်း" စာအုပ်၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ ကျော်ဇေယျာလှိုင်(စီးပွားရေးတက္ကသိုလ်) ရေးသားသည့် "စုန်ရေဆန်ရေစိမ့်စမ်းရေနှင့် အခြားကဗျာများ"စာအုပ်တို့ ဖြစ်သည်။

အဆိုပါစာအုပ်များကို စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၀၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဇွန် ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ရွာတော်)၌ လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်အဆင့်ပြိုင်ပွဲများကို နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်ခန်းမ၌လည်းကောင်း အသီးသီးကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန် ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ပိုစတာပြိုင်ပွဲ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူ ၂၃၁ဦးနှင့် အခြေခံပညာအဆင့်တွင် နေပြည်တော်ခရိုင်၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူ ၂၁၀ စုစုပေါင်း ၄၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ပိုစတာပြိုင်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ရွာတော်)၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး အဆိုပါပြိုင်ပွဲသို့ နေပြည်တော်ခရိုင်၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၀တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများ၏ ဆောင်ပုဒ်မှာ "Everyone Counts" "မထပ်၊ မကျန်၊ မှန်ကန်မှု အချက်အလက်တွေ စုံအောင်စု၊ လူဦးရေနှင့် ဖွံ့ဖြိုးမှု" ဖြစ်ကာ ပြိုင်ပွဲများကို အခြေခံပညာအဆင့်နှင့် တက္ကသိုလ်၊ ကောလိပ်အဆင့်များခွဲ၍ နေပြည်တော်နှင့် ပြည်နယ်နှင့် တိုင်းများရှိ သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ကျင်းပခဲ့ကြပြီး ဆုရရှိကြသူများအား ဇူလိုင် ၁၁ ရက် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကယားပြည်နယ် ဘောလခဲ၊ဖာဆောင်းနှင့် မဲ့စဲ့မြို့နယ်တို့၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းများ ဖွင့်လှစ်ပို့ချ

နေပြည်တော် ဇွန် ၁၆

ကယားပြည်နယ် ဘောလခဲမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ဘောလခဲမြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းသိန်းလွင်နှင့် ဦးစိုင်းမြသောင်းတို့က လုပ်ငန်းလမ်းညွှန်နှင့် ဥပဒေ၊ နည်းဥပဒေများကို ပို့ချကြသည်။

အဆိုပါသင်တန်းသို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးများ စုစုပေါင်း သင်တန်းသားအင်အား ၁၀ ဦး တက်ရောက်ကြသည်။

အလားတူ ဖာဆောင်းမြို့နယ်နှင့် မဲ့စဲ့မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇွန် ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ဖာဆောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းသိန်းလွင်နှင့် ဦးစိုင်းမြသောင်းတို့က လုပ်ငန်းလမ်းညွှန်ချက်များနှင့် ဥပဒေ၊နည်းဥပဒေများကို ပို့ချကြသည်။

အဆိုပါသင်တန်းသို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးများ စုစုပေါင်းသင်တန်းသားအင်အား ၈၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပညာပြပွဲနှင့် ကွန်ဖရင့်တက်ရောက်ရန် ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

စင်ကာပူသမ္မတနိုင်ငံ၌ ဇွန် ၁၅ရက်မှ ၁၈ရက်အထိကျင်းပသည့် The 21st International Communications and Information Technology Exhibition & Conference သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင် ဦးထွန်းထွန်းနိုင်သည် ဇွန် ၁၄ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးထင်အောင်ခိုင်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးဇော်မင်းဦးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် ရွာလယ်လမ်းနေ ကွယ်လွန်သူ ဖခင်ဦးချစ်-မိခင် ဒေါ်မြမေ၊ အဒေါ် ဒေါ်မြကြည်တို့အား ရည်စူး၍ ဒေါ်တင်အေးမိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

☆ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့်အဖွဲ့သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပညာပေးပြကွက်တွင် ပြသထားသော စပါးမျိုးများနှင့် မြေဩဇာများကို ကြည့်ရှုစစ်ဆေးသည်။

ဖြန့်ဝေ

ယင်းနောက် ဘဲရမ်းကွင်း အထူးဇုန် မိုးစပါးစိုက်ကွင်း၌ စပါးစိုက်ပျိုးနေမှု အခြေအနေများနှင့် စံကွက်တိုင်းထွာနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တက်ရောက်လာကြသော တောင်သူများအား ဇီဝစူပါ ရွက်ဖျန်းမြေဩဇာများကို အမှတ်တရ ဖြန့်ဝေပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မုဒုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကန်ကလေးဥယျာဉ်ခြံ၌ ခြံမန်နေဂျာက ခြံအတွင်း စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးရေး၊ ပျိုးပင်များ ပိုမိုဖြန့်ဖြူးနိုင်ရေးတို့အတွက် ကြပ်မတ်လုပ်ဆောင်ကြရေးတို့ကို မှာကြားပြီး ခြံထွက်သီးနှံများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးကာ ဥယျာဉ်ခြံအတွင်း နှစ်ရှည်သီးနှံပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေး၍ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်

နေပြည်တော် ဇွန် ၁၆

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းက အမ်းမြို့ တိုင်းစစ်ဌာနချုပ်၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပျိုးပင်ပေါက်များပေးအပ်ပြီး ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် အမ်းတောင်ခန်းမ၌ ကျင်းပသော တိုင်းမှူးဒိုင်းစားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နည်းပညာတက္ကသိုလ်(မန္တလေး) စုပေါင်းသွေးလှူဒါန်း

မန္တလေး ဇွန် ၁၆

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (မန္တလေး)၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ် ပင်မသုံးထပ်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများက သွေးလှူရှင် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျ စမ်းသပ်စစ်ဆေး၍ သွေးလှူဘဏ်နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် ဖောက်ယူလက်ခံကြရာ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် ပါမောက္ခချုပ်က သန့်စင်သော သွေးအမျိုးအစား(A)သွေး ၇၄ အိတ်၊ (B)သွေး ၉၄အိတ်၊ (O)သွေး ၉၆ အိတ်နှင့် (AB)သွေး ၂၆ အိတ် စုစုပေါင်း သွေးအိတ် ၂၉၀ ကို ပေးအပ်လှူဒါန်းရာ သွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီးက လက်ခံ၍ သွေးလှူရှင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ပြီး သွေးလှူရှင်များအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ပန်းခြံခြံစည်းရိုးကာရံခြင်း လုပ်ငန်းနှင့် ကျောက်တုံးရေတံခွန် ဆောင်ရွက်ထားရှိမှု အခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေအား ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ရေနုတ်မြောင်းတူးဖော်

ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာအတွင်း ပင်မရေနုတ်မြောင်း တူးဖော်ဆောင်ရွက်နေမှုကို ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသစ်ထူးမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမင်းဆွေအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၁၀

International Day Against Drug Abuse and Illicit Trafficking

26.6.2010

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးမြတ်ခိုင် (မြတ်ခိုင်)နှင့် ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးစောငွေနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးစောငွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာ နွမ်ဂျာသိုင်းတို့က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောကြသည်။

ဆက်လက်ကျင်းပ

ဟောပြောပွဲကို ဇွန် ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာရေးဆရာမ ပုညခင်က ဟောပြောမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Myanma Awba Group Co.,Ltd. ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇွန် ၁၉ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာ တင်မောင်မောင်သန်းက စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ပုံစံ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တံတားကြီးကွင်းကျေးရွာ၌ တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၇ ရက်က အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်စန်းဦးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘုရင့်နောင်ဈေးကြီး စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲကို ဘုရင့်နောင်ဈေး ဈေးသာယာရေးအဖွဲ့ရုံး၌ ဇူလိုင် ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

(၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲသို့ လာရောက်သွေးလှူကြမည့် သွေးလှူရှင်များအား ဈေးသာယာလှုပရေးအဖွဲ့၊ သွေးလှူဒါန်းပွဲကော်မတီနှင့် အလှူရှင်များ၏ အာဟာရဒါနများ၊ လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်လှူဒါန်းရန် စီစဉ်ထားပြီး ဘုရင့်နောင်ဈေး သာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲကော်မတီက စီစဉ်ဆောင်ရွက်ခဲ့သည့် (၁၀)ကြိမ်မြောက် သွေးလှူဒါန်းပွဲအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန(ရန်ကုန်)သို့ သွေးပုလင်းပေါင်း ၂၈၅၀ နှင့် လှူဒါန်းငွေပေါင်း ကျပ် ၁၉၅၅၀၀၀၀ ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

(၁၁) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲသို့ သွေးလှူဒါန်းလိုသူများနှင့် ငွေနှင့် ပစ္စည်းလှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် သွေးလှူဒါန်းပွဲကော်မတီ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၇၂၈၄၆၇ နှင့် ဈေးသာယာရေးအဖွဲ့ရုံး ဖုန်း-၆၈၂၀၁၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

မော်လမြိုင်ကျွန်း ဇွန် ၁၆

မော်လမြိုင်ကျွန်းမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာ၌ ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဘီအေဂျေအာရှ ဂျပန်ပေါင်းကူးအဖွဲ့က ဆောက်လုပ်လှူဒါန်းသော ပေ ၆၀×ပေ ၃၀×၂၄ ပေရှိ မုန်တိုင်းဒဏ်ခံ သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်သစ်လေးခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ဂါလန် ငါးထောင်ဆံ့ မိုးရေလှောင်ကန်၊ ကွန်ကရစ်မြေထိန်းနံရံ၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မေ ၃၁ရက် နံနက် ၁၀ နာရီက ရေတွင်းကုန်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်း ဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးပေါ်အောင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမောင်ကောင်းနှင့် ဘီအေဂျေ စီမံကိန်းမန်နေဂျာ ဦးအေးကိုဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းစီဒီအား ဘီအေဂျေ စီမံကိန်း အကြီးတန်းအင်ဂျင်နီယာ ဦးဌေးအောင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းလှထံ လွှဲပြောင်းပေးအပ်သည်။

(၃၆၄)

အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွား ရဲတပ်ဖွဲ့ဝင်သုံးဦးအပါအဝင် ၁၉ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၁၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးမြို့တွင် ကင်းလှည့်နေသောရဲတပ်ဖွဲ့ဝင်အား ပစ်မှတ်ထား၍ အသေခံကားဗုံးခွဲတိုက်ခိုက်မှုအပါအဝင် ဇွန် ၁၆ရက်က နိုင်ငံအတွင်းတိုက်ခိုက်မှုများကြောင့် လူ ၁၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

မိုဆူးမြို့မြောက်ပိုင်း အယ်လ်မူသန်နာရပ်ကွက်တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်အား အသေခံကားဖြင့်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးအပါအဝင် ၁၄ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ရဲကားတစ်စီး ပျက်စီးခဲ့သည်ဟုဆိုသည်။

ယင်းနေ့၌ပင် ဘဂ္ဂဒက်မြို့ရှိ နယူးဘဂ္ဂဒက်ရပ်ကွက်အရှေ့တောင်ပိုင်းစတိုးဆိုင်၌ ထောင်ထားသောဗုံးပေါက်ကွဲမှုကြောင့် လူလေးဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ပါလက်စတိုင်းလမ်းရှိ ကားတစ်စီး၌ ထောင်ထားသည့် ဗုံးပေါက်ကွဲမှုကြောင့် ယာဉ်မောင်း ဒဏ်ရာရရှိခဲ့သည်ဟုသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးမြို့တွင် အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သော ရဲကားတစ်စီးကို ဇွန် ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်မြောက်ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

ကန်ဒတ်ဇ်(အာဖဂန်နစ္စတန်) ဇွန် ၁၆

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒတ်ဇ်ပြည်နယ်တွင် ဇွန် ၁၆ရက်က နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ကန်ဒတ်ဇ်ပြည်နယ်ရှိ နိုင်ငံစုံတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကန်ဒတ်ဇ်ပြည်နယ် ဘက်ချ်-အီ-ရှာကတ်ဒေသ၌ နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြု(အိုင်အက်စ်အေအက်ဖ်)တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသည်ဟုဆိုသည်။

ကန်ဒတ်ဇ်ပြည်နယ်တွင် ဂျာမနီ၊ အမေရိကန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်အများစု အပါအဝင် နေတိုးဦးဆောင်သောတပ်ဖွဲ့ဝင် ၂၆၀ ကျော်သေဆုံးခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

အာဖဂန်တောင်ပိုင်းပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီဝန်ထမ်းသုံးဦး သေဆုံး

ဂါဇနီ(အာဖဂန်နစ္စတန်) ဇွန် ၁၆

အာဖဂန်နစ္စတန်တောင်ပိုင်း ဂါဇနီပြည်နယ်တွင် ဇွန် ၁၆ရက်က ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ၏ ယာဉ်တစ်စီး လမ်းဘေးဗုံးထိမှန်မှုကြောင့် သုံးဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းနေ့နံနက်ပိုင်းက လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ရိုရှန်လုံခြုံရေးကုမ္ပဏီဝန်ထမ်းသုံးဦး သေဆုံးကြောင်း ပြည်နယ်ဆိုင်ရာရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရိုရှန်ကုမ္ပဏီသည် ဒေသခံလုံခြုံရေးကုမ္ပဏီတစ်ခုဖြစ်ပြီး သေဆုံးသူအားလုံးသည် အာဖဂန်လူမျိုးများ ဖြစ်သည်ဟုဆိုသည်။ အသေးစိတ်အကြောင်းအရာကို ပြောကြားခြင်းမရှိချေ။

တိုးမြှင့်တိုက်ခိုက်

ဂါဇနီပြည်နယ်သည် ယခုနှစ်ဦးပိုင်းကတည်းက တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ တိုးမြှင့်လာသည်။

ဂါဇနီပြည်နယ်တွင် သုံးရက်အတွင်း လမ်းဘေးဗုံးများနှင့် သေနတ်ဖြင့် တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် လူ ၁၀ဦး သေဆုံးခဲ့ရသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဂါဇနီပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သောယာဉ်များကို ဇွန် ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရာရှိတစ်ဦးကို အကြမ်းဖက်စွပ်စွဲချက်ဖြင့် ဖမ်းဆီး

ဘဂ္ဂဒက် ဇွန် ၁၆

ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ နေအိမ်တွင် ဖောက်ခွဲရေးပစ္စည်း အမြောက်အမြားတွေ့ရှိသဖြင့် ၎င်းအရာရှိကို အကြမ်းဖက်သမားဟုစွပ်စွဲ၍ အီရတ်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့၏ မြောက်ဘက် မိုင် ၆၀အကွာ ဆာဒီယဒ်မြို့ရှိ ဆွန်နီအရာရှိတစ်ဦး၏အိမ်တွင် တီအန်တီယမ်း ၁၁ပေါင်နှင့် အဝေးထိန်းဖောက်ခွဲရေးကိရိယာသုံးခုတို့ကို ရှာဖွေတွေ့ရှိကြောင်း ဒီယာလာပြည်နယ်လုံခြုံရေးကော်မတီဝင် အာမားရီဖတ်က ပြောကြားခဲ့သည်။

ဆာဒီယမ်မြူနီစီပယ် ကောင်စီအကြီးအကဲ ဆာလက်မက်ဒီဆာလက်ကို အကြမ်းဖက်သမားဟု စွပ်စွဲ၍ အင်္ဂါနေ့နံနက်ပိုင်းက ထိန်းသိမ်းခဲ့ကြောင်း ရီဖတ်ကပြောသည်။

သိမ်းထား

လွန်ခဲ့သည့်နှစ်ရက်က ဖမ်းဆီးခြင်းခံရသည့် ဆာလက်၏သား ဝန်ခံထွက်ဆိုချက်အပေါ် ရဲတပ်ဖွဲ့က လှုပ်ရှားဆောင်ရွက်ကြခြင်းဖြစ်သည်။ ဖောက်ခွဲရေးပစ္စည်းများကို ၎င်းတို့၏ အိမ်တွင် သူ၏မိသားစုက သိမ်းထားသည်ဟု ရဲတပ်ဖွဲ့သို့ပြောခဲ့ကြောင်း ရီဖတ်ကပြောသည်။

အဆက်အသွယ်ရှိ

ဆာလက်သည်ဆွန်နီပါတီများကဖွဲ့စည်းထားသည့် အုပ်စုဖြစ်သော ဒီယာလာပြည်နယ်ရှိ ဆွန်နီအာရပ်အုပ်စုနှင့် အဆက်အသွယ်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ကားဗုံးပေါက်ကွဲ၍ ခရိုင်အကြီးအကဲအပါအဝင် သုံးဦးသေဆုံး

ကန်ဒါဟာ(အာဖဂန်နစ္စတန်) ဇွန် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်ရှိ တာလီဘန်များ ကြီးစိုးရာနေရာတွင် ကားဗုံးတစ်လုံး ပေါက်ကွဲရာ ခရိုင်အကြီးအကဲတစ်ဦး အပါအဝင် လူသုံးဦးသေဆုံးကြောင်း၊ တာလီဘန်စစ်သွေးကြွများ၏ လက်ချက်ဖြစ်ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းက အာဂျဟန်ဒက်ဘ်ခရိုင်မှ အုပ်ချုပ်ရေးမှူး ဟာဂျီအဗ္ဗဒူလ်ဂျက်ဘားရ်၏ကားကို ဖောက်ခွဲရေးပစ္စည်းများ အပြည့်အသိပ်တင်ဆောင်လာသောကားဖြင့် အဝေးထိန်းကိရိယာအသုံးပြုကာ ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ၎င်းခရိုင်အုပ်ချုပ်ရေးမှူး ဟာဂျီအဗ္ဗဒူလ်ဂျက်ဘားနှင့် ၎င်း၏သားအပြင် ၎င်း၏သက်တော်စောင့်တစ်ဦး ပွဲချင်းပြီး သေဆုံးသွားကြောင်း ဒုတိယပြည်နယ်ရဲအရာရှိ ဖာဇယ်လ်အာမက်ခန်ရှာဇာက်ဒ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။သို့ရာတွင် ၎င်းက အသေးစိတ်ပြောကြားမှုမရှိဟုဆိုသည်။ ကန်ဒါဟာပြည်နယ်တွင် လွန်ခဲ့သော နှစ်လကျော်ကစ၍ အကြမ်းဖက်လှုပ်ရှားမှုများ ပိုမိုများပြားလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၁၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၈၂၅ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၆၈၈၀၇ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၁၈၂၅ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၈၈၀၇ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၁၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁၆ ရက်အထိသေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၀၄ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၄၃၂ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၂၉၀၄ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၄၃၂ ဦး

အင်တာနက်။

ရန်ကုန်မြို့တော်ဝန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းနှင့် အလုံလမ်းဆုံအနီး အလုံလမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနက ကြီးမှူး ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကျွန်းပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးလှအေးနှင့် ဌာနမှူးများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများက အလုံလမ်းတစ်လျှောက် သတ်မှတ်နေရာအသီးသီးတွင် ကျွန်းပင် ၄၅၀ ကို စိုက်ပျိုးပေးကြပြီး မြို့တော်ဝန်က လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် မြို့တော်ဝန်သည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ကြီးမှူးကျင်းပသော မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး စိန်ပန်းပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်၊ ဌာနမှူးများ၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သထုံလမ်းတစ်လျှောက်နှင့် အားကစားကွင်းများရှိ သတ်မှတ်နေရာအသီးသီးတို့တွင် စိန်ပန်းနှင့် မဟော်ဂနီပင် ၃၀၀ ကို စိုက်ပျိုးပေးကြပြီး မြို့တော်ဝန်က လှည့်လည်ကြည့်ရှုအားပေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည် ယခုနှစ်မိုးရာသီတွင် ရန်ကုန်တိုင်းရှိ ခရိုင် လေးခရိုင်တွင် အရိပ်ရပင်၊ ပန်းအလှပင်၊ လေကာပင်၊ ထန်းပင်နှင့် ကျွန်းပင်ပေါင်း ငါးသိန်းကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုအခါ အပင်ပေါင်း လေးသောင်းကျော် စိုက်ပျိုးပြီးစီးသွားပြီဖြစ်သည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း အလုံလမ်းတွင် ကျွန်းပင်စိုက်ပျိုးစဉ်။ (၁၉)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၁၀ ၈။ "အိုးပိုင်အိမ်ပိုင်"
- ၈း၂၅ ၉။ အကပဒေသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ **Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဥသျှာယူနိုက်တက် F.C နှင့် ဇေယျာရွှေမြေ F.C)**
- ၅း၀၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာအထူးပြု)(အင်္ဂလိပ်စာ)
- ၅း၁၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက် မြက်ရေးတေးများ
- ၅း၂၀ ၄။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
- ၅း၄၅ ၅။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အာဂျင်တီးနားအသင်းနှင့် တောင်ကိုရီးယားအသင်း)
- ၈း၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ နိုင်ငံတကာသတင်းများ
- ၈။ မိုးလေဝသအခြေအနေ
- ၉။ မနေ့ကသည်နေ့နဲ့ မနက်ဖြန် (တေးဆို-Lဆိုင်းဇီ၊ သရုပ်ဆောင်-နန်းဆုရတီစိုးနှင့်အဖွဲ့၊ တေးရေး-ဒီနေ့ ပုဏ္ဏက)
- ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၂၄)**
- ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၅၂)**
- ၁၂။ အစီအစဉ်ပြီး၏။

ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်ပစ္စည်းလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဗီယက်နမ်နိုင်ငံ Hanoi People Committee တို့ ပူးပေါင်း၍ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်ပစ္စည်းလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပရန် စီစဉ်လျက်ရှိရာ တွေ့ဆုံဆွေးနွေးပွဲတက်ရောက်ရန် စိတ်ဝင်စားသော မြန်မာ စီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ တို့သို့ လည်းကောင်း၊ UMFCCI ရှိ နိုင်ငံတကာဆက်ဆံရေးဌာနသို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Youth Camp for Asia's Future 2010 ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

ကိုရီးယားသမ္မတနိုင်ငံ Ministry of Gender Equality & Family က ကြီးမှူး၍ National Council of Youth Organizations အစီအစဉ်ဖြင့် Youth Camp for Asia's Future 2010 ကို ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါအစီအစဉ်သို့ နိုင်ငံပေါင်း ၂၃ နိုင်ငံမှ လူငယ်လူရွယ် ၂၀၇ ဦး ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။

အသက် ၁၈ နှစ်မှ ၃၀ အတွင်းရှိသော စိတ်ဝင်စားသူ မြန်မာလူငယ်များ လျှောက်ထားနိုင်ပြီး လျှောက်ထားသူများသည် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုရှိရမည်ဖြစ်ကာ ကိုရီးယားဘာသာစကားအား လေ့လာသင်ယူနေသူများ၊ ကိုရီးယားအစားအစာများ ပြုလုပ်ခြင်းနှင့် လက်သည်းအလှပြုပြင်ခြင်း၊ အရေပြားထိန်းသိမ်းခြင်း၊ မိတ်ကပ်နှင့် ဆံပင်အလှပြုပြင်ခြင်း စသည့် ကိုရီးယားအလှအပများကို စိတ်ဝင်စားသူများအား ဦးစားပေး ရွေးချယ်မည်ဖြစ်သည်။

ကိုရီးယားသမ္မတနိုင်ငံသံရုံးက ကိုးဦးရွေးချယ်မည်ဖြစ်ပြီး ယခင်နှစ် Youth Camp များ၌ ရွေးချယ်ခြင်း ခံထားရသူများ လျှောက်ထားရန်မလိုပါ။ ရွေးချယ်ခံရသူများအတွက် အသွားအပြန် လေယာဉ်လက်မှတ်ခနှင့် နေထိုင်မှုများကို စီစဉ်သူက ကျခံမည်ဖြစ်သည်။

လျှောက်လွှာပုံစံများကို အမှတ်(၉၇) တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံး ဖုန်း-၅၂၇၁၄၂ မှ ၄ အထိတွင် ရယူနိုင်ပြီး ဇွန် ၂၂ ရက်မတိုင်မီ လျှောက်ထားကြရန်ဖြစ်ကြောင်း၊ လူတွေ့စစ်ဆေးခြင်းကို ဇွန် ၂၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပညာရပ်ဆိုင်ရာ ကော်မတီ၏ စဉ်ဆက်မပြတ် ပညာပြန့်ပွားရေးအစီအစဉ်အရ ဇွန် ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဘက်စုံသုံးခန်းမကြီး သံသုမာလမ်း သင်္ဃန်းကျွန်းမြို့နယ်တွင် ပါမောက္ခ ဒေါက်တာဒေါ်ငွေငွေရီ ပါမောက္ခ/ဌာနမှူး၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်က Safety First ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာမြတ်ဉာဏ် ကထိက သွားတုဆေးပညာဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်က Oral Implantology in General Dental Practice Part 1 ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စာပေညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၆

နေပြည်တော်တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းကကြီးမှူး၍ ပဋ္ဌမအကြိမ် စာပေ ညီလာခံအတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၁၂ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် တပ်ကုန်းမြို့နယ် စစ်မှုထမ်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သန်း (မောင်သက်နှင်း၊ မ/ဉ)အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ စာပေညီလာခံကိုယ်စားလှယ် ဦးမောင်သန်း(မောင်သက်နှင်း၊ မ/ဉ)က ပဋ္ဌမအကြိမ် စာပေညီလာခံအတွေ့အကြုံများ ရှင်းလင်းတင်ပြသည်။

အဖွဲ့နာယက တပ်ကုန်းမြတ်ဘုန်း၊ ရွှေသင်းယုလွင်နှင့် ထွန်းလတ်(တပ်ကုန်း)တို့က အဖွဲ့၏ တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရန်၊ ရှောင်ရန်တို့ကို ဆွေးနွေးကြပြီး ငွေထိန်း ဒေါ်သင်းသင်းလှိုင်(သင်းသင်းလှိုင်၊ တပ်ကုန်း)က ဘဏ္ဍာရေးအခြေအနေများ ရှင်းလင်းတင်ပြသည်။ (၅၆၄)

မီးဘေးကာကွယ်ရေး စစ်ဆေး

မကွေး ဇွန် ၁၆

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် အဖွဲ့သည် ဇွန် ၆ ရက်တွင် မြို့သစ်မြို့နယ် စည်ပင်သာယာရေးရုံးသို့ ရောက်ရှိပြီး အဖွဲ့ပိုင်ဈေးများ မီးလောင်ဆုံးရှုံးခြင်းမှ ကာကွယ်ရေးအတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေး အတွက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်မှာကြားပြီး မြို့မဈေး မီးဘေး ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ထပ်မံဆောင်ရွက်ရမည့် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်များ ပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှုများဖြစ်ပွား ဒေသဆိုင်ရာအာဏာပိုင်များနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ပြောင်းရွှေ့နေရာချထားရေးအတွက် ကူညီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၆

ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် ဇွန် ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ အဆောက်အအုံများ ပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

မင်းပြား၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့နယ်တို့၌ ဇွန် ၁၅ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် အဆောက်အအုံအချို့ အမိုးလန်ခြင်း၊ ပြိုလဲပျက်စီးခြင်းများ၊ တံတားနှင့် လမ်းပိုင်းအချို့ ရေတိုက်စားပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

မြေပြိုကျ

ဘူးသီးတောင်မြို့နယ်၌ ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေရပ်ကွက်အချို့တို့၌ ရေအနက်နှစ်ပေခန့် ဝင်ရောက်ခဲ့ပြီး လူနေအိမ်အချို့ ရေနစ်မြုပ်ခဲ့ကြောင်း၊ ဇွန် ၁၅ ရက်တွင် မိုးရေချိန် လက်မ ၁၃ ဒသမ ၄၇ လက်မထိ စံချိန်တင်ရွာသွန်းမှုကြောင့် တောင်စောင်းများရှိ လူနေတဲအိမ်များ မြေပြိုကျရာမှ လူ ၂၈ ဦးသေဆုံးခဲ့ကြောင်း၊ မောင်တောမြို့နယ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျမှုများ ဖြစ်ပွားခဲ့ရာမှ ၁၈ ဦး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရသည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ရေလွှမ်းမိုး မြေပြိုမှု ဖြစ်ပွားခဲ့သောရပ်ကွက်နှင့် ကျေးရွာများ၌ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရေဘေးသင့် အိမ်ထောင်စုများအား ရေဘေးလွတ်ကင်းရာ နေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စားသောက်ကုန်များ၊ ဆေးဝါးများ၊ အဝတ်အထည်များ အစရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ဘူးသီးတောင်-မောင်တောကားလမ်း အမြန်ပြန်လည် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် ဇွန် ၁၆

နေပြည်တော်ပျဉ်းမနား မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါဈေး၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ခင်မောင်ရီနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့မဈေး ဝန်ထမ်းများ၊ ဈေးမိ၊ ဈေးဖများက လက်တွေ့မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ကြသည်။ **(အပေါ်ပုံ)**

သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ရာသို့ မီးသတ်ဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှူး ဦးမောင်မောင်ဆန်းတို့က ကြည့်ရှုအားပေးပြီး မီးဘေးလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရှိရသည်။ (ခရိုင်ပြန်/ဆက်)

ပူတစ်လှည့်၊ အေးတစ်ခါ ကျန်းမာရေးအတွက် ဂရုပြုစရာ

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ယခုနွေရာသီကာလအတွင်း ပူပြင်းမှုဒဏ်ကိုခံစားနေကြရစဉ် လွန်ခဲ့သော ၂၀၁၀ခုနှစ် မေလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း 'လိုင်လာ'သည် မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားခြင်း မရှိခဲ့သော်လည်း ၎င်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်း မိုးရွာသွန်းခဲ့သဖြင့် ပူပြင်းခြောက်သွေ့လျက်ရှိသည့် အခြေအနေမှ အမြင့်ဆုံးအပူချိန်များမှာလည်း ရက်ပိုင်းအတွင်း သိသိသာသာ ကျဆင်းသွားသည့်အတွက် ပြည်သူများအနေဖြင့် အထူးဝမ်းသာပီတိဖြစ်ခဲ့ကြပေသည်။

နွေဥတု(ဂိမန္တဥတု)၏ ကာလသည် လာမည့်ဝါဆိုလပြည့်နေ့သို့ ရောက်ရှိမှသာလျှင် ကုန်ဆုံးမည်ဖြစ်၍ မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသည်ကို ယေဘုယျအားဖြင့် မိုးဥတုသို့ကျရောက်ပြီဟု မဆိုနိုင်သည့်နည်းတူ ယခုကာလတွင် အယ်လ်နီညိုဖြစ်စဉ် ဖြစ်ပေါ်လာနိုင်မှု အားပျော့ခြင်းကြောင့် မြန်မာနိုင်ငံကို အနောက်တောင်မုတ်သုံလေဝင်ရောက်မှု အနည်းငယ် နောက်ကျနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ခန့်မှန်းချက်ထုတ်ပြန်ထားသည့် အားလျော်စွာ နွေရာသီ၏ အပူဒဏ်ကို အနည်းနှင့်အများ ခံစားကြရဦးမည်ဖြစ်သည်။ ဤကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ၏ အရှိန်ကြောင့် မိုးရွာသွန်းခဲ့သဖြင့် အေးချမ်းသောခံစားမှုကို ရုတ်ခြည်းရရှိလိုက်သည့်အတွက် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားလာနိုင်သည့် ရောဂါများနှင့်စပ်လျဉ်း၍ အလေးဂရုပြုရမည့် အချက်များကို ပြည်သူများအနေဖြင့် လျစ်လျူရှု နေထိုင်ကျင့်ကြံမှုများ မပြုမိကြရန် အရေးကြီးပေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသော တောင်သူလယ်သမားများအနေဖြင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်လေ့ရှိသော မိုးကြိုကာလမုန်တိုင်းများ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ပြီး အနောက်တောင်အရပ်ဆီက မိုးသက်လေနှင့် လာရောက်မည့်အချိန်(တစ်နည်း) စိုက်ပျိုးရေးအတွက် အားကိုးအားထားပြုနေရသည့် မုတ်သုံမိုးရွာသွန်းမည့်ရက်ကို စောင့်မျှော်လျက်ရှိချိန်တွင် အဆိုပါမုတ်သုံမိုးကို ရွာသွန်းစေမည့် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်မှုကြောင့် ဖြစ်ပေါ်စေနိုင်သည့် ပျက်စီးဆုံးရှုံးမှုအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် မိမိတို့နေထိုင်ရာဒေသအလိုက် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ရေဒီယို၊ ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ထုတ်လွှင့်ကြေညာဖော်ပြလျက်ရှိသော မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်နှင့်အညီ ပြည်သူများအနေဖြင့် ဂရုပြုလိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။ ယင်းသို့မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်ရင်း ပြည်သူများအနေဖြင့် **တစ်ဦးချင်းစီ၏ တစ်ကိုယ်ရေကျန်းမာရေးအထောက်အကူပြုစေရေး** အတွက် သိရှိလိုက်နာဆောင်ရွက်နိုင်ကြရန် ယခုလတ်တလော ဖြစ်ပေါ်လျက်ရှိသည့် မိုးရွာလိုက်၊ နေပူလိုက် တစ်နည်းအားဖြင့် **ပူတစ်လှည့်၊ အေးတစ်ခါ** ခံစားရသည့် အခြေအနေမျိုးတွင် **ဖြစ်ပွားတတ်သောရောဂါများ**နှင့်စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လက္ခဏာများနှင့် သက်သာပျောက်ကင်းစေမည့် ပြုစုကုသနည်းများကို ရေးသားတင်ပြမည်ဖြစ်ပါသည်။

(၁) အဖျားရောဂါ။ ။ ဖြစ်ပွားရခြင်းအကြောင်းများမှာ အလုပ်ကို အလွန်ပင်ပန်းစွာလုပ်ကိုင်ခြင်း၊ ပူသောနေရာမှအေးသောနေရာသို့ ရုတ်တရက်သွားလာခြင်း၊ နေပူကျဲကျဲတွင် သွားလာလုပ်ကိုင်ပြီး အေးသောနေရာသို့ ရုတ်တရက်ဝင်ရောက်ခြင်း၊ နေပူနေရာမှ ရုတ်တရက်မိုးရွာသည်ကို ကြုံတွေ့ရခြင်း၊ မိုးမိခြင်း၊ အေးဖန်ချိုသော အစာများစားခြင်း၊ ရေချိုးမှားခြင်း၊ အေးသောလေတိုက်ခတ်ခြင်းကို အချိန်ကြာရှည်စွာ ခံစားခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

၎င်းရောဂါဖြစ်ပွားသည့်အခါ **ရှေ့ပြေးလက္ခဏာများ**အဖြစ် ခြေဖျား၊ လက်ဖျားအေးခြင်း၊ နဖူးပူခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး ဖြစ်ဆဲလက္ခဏာများအနေဖြင့် ကိုယ်လက်ကိုက်ခဲခြင်း၊ ကိုယ်ပူခြင်း၊ ချွေးငုပ်ခြင်း စသည်တို့ကိုခံစားရကာ ၎င်းရှေ့ပြေးနှင့် ဖြစ်ဆဲလက္ခဏာများနှင့်အတူ လေဒေါသကြောင့် ဖြစ်ပွားသောအဖျားရောဂါတွင် တုန်၍ဖျားခြင်း၊ ရုံခါအလွန်ပူခြင်း၊ ရုံခါအပူလျော့ခြင်း၊ လည်ချောင်းနှင့်နှုတ်ခမ်းများခြောက်ခြင်း စသည့် လက္ခဏာများကိုလည်းကောင်း၊ သည်းခြေဒေါသကြောင့်ဖြစ်ပွားသော အဖျားရောဂါတွင် အဖျားအပူချိန်ကြီးခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးပူခြင်း၊ တွေဝေခြင်း၊ ရေငတ်ခြင်း စသည့်လက္ခဏာများကိုလည်းကောင်း၊ သလိပ်ဒေါသကြောင့်ဖြစ်ပွားသောအဖျားရောဂါတွင် ချွေးစေးများထွက်ရှိခြင်း၊ ပျို့ခြင်း၊ အဖျားအပူရှိန်နည်းခြင်း၊ တနုံ့နုံ့ဖျားခြင်း၊ ဆီးအရောင်ဖြူခြင်း စသည့်လက္ခဏာများကိုလည်းကောင်း၊ သန္နိပါတ်ကြောင့်ဖြစ်ပွားသော အဖျားရောဂါတွင် ပူလိုက်၊ ချမ်းလိုက်ခံစားရခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မျက်စိနီခြင်း၊ တံတွေး၌သွေးပါခြင်း စသည့်လက္ခဏာများကိုလည်းကောင်း အသီးသီးတွေ့ရှိရပေမည်။

ယင်းအဖျားရောဂါအသီးသီးတို့ကို ပြုစုကုသခြင်းနှင့်စပ်လျဉ်း၍ လေဒေါသကြောင့်ဖြစ်ပွားသော အဖျားရောဂါအတွက် နံနက်ပိုင်းတွင် လေငြိမ်၍ သလိပ်ပျော်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁(မက်လင်ချဉ်) လေးပဲသားကို ရေနွေးနှင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် အပူကျ၍ အဖျားသက်သာစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းဆေး) နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏကန်းဆေး) နှစ်ပဲသားတို့ကို ကွမ်းရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညနေပိုင်းတွင် အကိုက်အခဲပျောက်၍ ချွေးထွက်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၄ (လေးညှင်းကလာပ်ဆေး) လေးပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညပိုင်းတွင် ဆီး၊ ဝမ်းမှန်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၉(ဆီးဒူလာဆေး) လေးပဲသားကို ရေအေးနှင့်လည်းကောင်း အသီးသီးတိုက်ရန်၊ သည်းခြေဒေါသကြောင့်ဖြစ်ပွားသော အဖျားရောဂါအတွက် နံနက်ပိုင်းတွင် သည်းခြေ အပူသက်သာစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းဆေး) လေးပဲသားကို တြိဖလ(သစ်ဆိမ့်သီး၊ ကြစု၊ ဆီးဖြူသီး) ပြုတ်ရည်နှင့် လည်းကောင်း၊ နေ့လယ်ပိုင်းတွင် အပူငြိမ်း၍ အဖျားကျစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းဆေး) နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏကန်းဆေး) နှစ်ပဲသားတို့ကို ကင်ပွန်းချဉ်ရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညနေပိုင်းတွင် ကိုယ်လက်ကိုက်ခဲခြင်း သက်သာစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅(မတဲမြင်းမိုရ်ကုန်းဆေး)လေးပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညပိုင်းတွင် ဆီး၊ ဝမ်း မှန်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၉ (ဆီးဒူလာဆေး) လေးပဲသားကို ရေအေးနှင့်လည်းကောင်း အသီးသီးတိုက်ရန်၊ သလိပ်ဒေါသကြောင့်ဖြစ်ပွားသော အဖျားရောဂါအတွက် နံနက်ပိုင်းတွင် ချွဲ၊ သလိပ်ပျော်၍ အခိုးအာကာသရစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇ (သွေးဆေးနီ)လေးပဲသားကို ချင်းပြုတ်ရည်နှင့် လည်းကောင်း၊ နေ့လယ်ပိုင်းတွင် သလိပ်ကိုနိုင်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၃(ဆေးပုလဲကလာပ်ဆေး)လေးပဲသားကို ကင်ပွန်းချဉ်ရွက်ပြုတ်ရည်နှင့် လည်းကောင်း၊ ညနေပိုင်းတွင်အဖျားသက်သာရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅ (ဇတိလဝင်္ဂဆေး)လေးပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့် လည်းကောင်း၊ ညဘက်တွင်အဖျားသက်သာရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၈ (သက်ရင်းကလာပ်ဆေး)လေးပဲသားကို ဆားပြုတ်ရည်နှင့် လည်းကောင်း အသီးသီးတိုက်ရန်၊ သန္နိပါတ်ကြောင့်ဖြစ်ပွားသော အဖျားရောဂါအတွက် နံနက်ပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းဆေး) လေးပဲသားကို ရေကျက်အေးနှင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏကန်းဆေး)လေးပဲသားကို ရေနွေးနှင့်လည်းကောင်း၊ ညနေပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏကန်းဆေး) လေးပဲသားကို ရေနွေးနှင့်လည်းကောင်း၊ ညပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ (အပူငြိမ်းဆေး)နှစ်ပဲသားနှင့် အဘိညာဉ်ဆေးနှစ်ပဲသားတို့ကို ရေကျက်အေးနှင့်လည်းကောင်း အသီးသီးတိုက်ရန် စသည်တို့ဖြစ်ပါသည်။

အဖျားရောဂါများ သက်သာပျောက်ကင်းစေရန် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ငြိမ်သက်စွာအနားယူရန်၊ ဝမ်းမီးအားမကောင်း၍ အစာမကြေကျက်နိုင်မီ ဆန်ပြုတ်ရည်ကျဲကျဲကိုသာ သောက်ရန်နှင့် ဝမ်းမီး အားကောင်းလာသည့်အခါ ထမင်းပျော့ပျော့ကိုစတင်ကျွေးပြီး ကျောက်ဖရုံသီးဟင်းချို၊ ငါးကြင်း၊ ငါးမြင်းရေချိုချက်၍ ဖြစ်စေ၊ ကြက်သားပြုတ်ကို သံပရာရည်နှင့်သုပ်၍ဖြစ်စေ စားရန် စသည်တို့ဖြစ်ပြီး ရှောင်ကြဉ်ရမည့်အချက်များမှာ ပင်ပန်းဆင်းရဲစွာ အလုပ်ကြမ်းလုပ်ခြင်း၊ အေးလွန်းသောနေရာနှင့် ပူလွန်းသော နေရာတို့တွင် နေထိုင်ခြင်း စသည့်တို့ဖြစ်ပါသည်။ ထို့အပြင် အထောက်အကူပြု ကုထုံးအနေဖြင့် ချင်းပါးပါးခုနစ်လွှာ၊ ကွမ်းရွက်သုံးရွက်၊ ထန်းလျက်အရွယ်တော် သုံးလုံး၊ ရေနှစ်ဖန်ခွက်ထည့်လျက် တစ်ခွက်စာကျန်အောင် ကျိုချက်ကာ တစ်နေ့လျှင် နှစ်ကြိမ်သောက်ပေးရမည်ဖြစ်ပြီး အဖျားအပူရှိန် အလွန်ကြီးပါက မုတ်ခါး၊ ဆောင်းမေးခါး၊ ရှိန်းခိုင်ငါးကျပ်သားစီဖြင့် ဖော်စပ်ထားသော အဖျားပြတ်ဆေး ရွေးကြီးသုံးလုံးပမာဏကို နံနက်နှင့်ညတို့တွင် ရေနွေးနှင့်သောက်ရန် ဖြစ်ပါသည်။ အကယ်၍ အဖျားအလွန်ကြီးပြီး သတိလစ်မေ့မြောလျှင်ဖြစ်စေ၊ ကယောင်ကတမ်းဖြစ်လျှင်ဖြစ်စေ၊ ရက်ကာလကြာမြင့်စွာ ဖျားနာနေလျှင်ဖြစ်စေ အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

(၂) သွေးစုနာ။ ။ ဖြစ်ပွားရသည့်အကြောင်းများမှာ ရာသီဥတုအနေဖြင့် ပူလိုက်အေးလိုက်ဖြစ်ပေါ်ခြင်း၊ ပူစပ်-ချဉ်ငန်အရသာရှိသော အစားအစာများကို လွန်ကဲစွာစားသုံးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း စသည်တို့ဖြစ်ပါသည်။ ၎င်းရောဂါ၏ **ဖြစ်ဆဲလက္ခဏာများ**အနေဖြင့် ရောင်ရမ်းခြင်း၊ ပူခြင်း၊ နီခြင်း၊ နာကျင်မှုခံစားရခြင်း၊ သွေးများစုဝေးနေခြင်း၊ အလုံးအဖုအဖြစ်တည်ရှိခြင်းနှင့် အမြစ်တွယ်ပြည်တည်ခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး ၎င်းသွေးစုနာကို ပြုစုကုသမှုနှင့်စပ်လျဉ်း၍ **သောက်ဆေး**အဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ)နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏကန်းဆေး)နှစ်ပဲသားတို့ကို ရေနွေးနှင့် တစ်နေ့လျှင် သုံးကြိမ်မှလေးကြိမ်အထိလည်းကောင်း၊ အကယ်၍ဝမ်းချုပ်ပါက ညအိပ်ရာဝင်ချိန်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၂ (စက္ခုပါလဆေး) လေးပဲသားကို ရေအေးနှင့်လည်းကောင်း၊ ဆီးချိုရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ)နှစ်ပဲသားကို တစ်နေ့လျှင် လေးကြိမ်နှုန်းဖြင့်လည်းကောင်း အသီးသီးတိုက်ရန်ဖြစ်ပြီး လူနာသည် ၁၂နှစ်အောက်ကလေးဖြစ်ပါက ဖော်ပြပါ ဆေးအချိန်အဆ ပမာဏအသီးသီး၏ တစ်ဝက်နှုန်းဖြင့် တိုက်ရန်ဖြစ်ပါသည်။ အနာရှိသွေး၊ ပြည်အညစ်အကြေးများကို အဏုမြူဖန်ဆေးရည်နှင့်ဆေးပြီး အနာကိုစင်ကြယ်သန့်ရှင်းအောင် ဆောင်ရွက်၍ **အနာကပ်ဆေး**အဖြစ် အနာအသားနုတက် ဖယောင်းချက်အညိုကို ပတ်တီးစတွင် ပါးပါးသုတ်ပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃(က) (ဆားငါးပါးဆေး)တစ်ပဲသားကိုထည့်ပြီး အုံပေးရန်ဖြစ်ပါသည်။

သွေးစုနာရှိသူအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အချက်များမှာ အေး၊ ခါးအရသာရှိသော ဆေးဝါးအစားအစာများနှင့် အရည်ရွှမ်းသော အသီးအနှံများ စားရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်၍ လေကောင်းလေသန့် ရှူရှိုက်ရန်တို့ဖြစ်ပြီး ရှောင်ကြဉ်ရမည့်အချက်များမှာ ပူစပ်-ချဉ်ငန်အရသာရှိသောဆေးများ၊ အေးချို-ဆိမ့်ဆေးဝါး အစားအစာများကို တစ်ဖက်လွန်စားခြင်း၊ မကောင်းသောအနံ့အသက်များရှူရှိုက်ခြင်း စသည်တို့ဖြစ်ပါသည်။ သွေးစုနာပေါက်သူတွင် ကူးစက်ရောဂါရှိခြင်း၊ ဆီးချို၊ သွေးချိုပြင်းထန်ပြီး ကျောက်ကပ် ပျက်စီးခြင်း၊ အလွန်သွေးအားများခြင်း၊ သွေးစုနာများ တစ်ကိုယ်လုံးအနှံ့ ဆက်ကာဆက်ကာဖြစ်ပေါ်ခြင်း စသည်တို့ကို တွေ့ရှိရပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

(၃) ဝဲယားနာ။ ။ ဖြစ်ပွားရခြင်းအကြောင်းမှာ ရာသီဥတုအပူအအေး ပြောင်းလဲခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊ ရောဂါပိုးကူးစက်ခံရခြင်း စသည်တို့ဖြစ်ပြီး ခန္ဓာကိုယ်ရှိ အရေပြားများယားယံခြင်း၊ အရည်ထွက်ခြင်း၊ အခြားနေရာများသို့ ပျံ့နှံ့ခြင်း စသည်ဖြင့် အရေပြားပေါ်တွင် ပြည်တည်နေပြီး အရည်စိုနေစဉ်ကာလကို အစို(ဝဲစို)ဟုလည်းကောင်း၊ အရည်ခြောက်ပြီး အရေပြား အရောင်မည်းနေစဉ်ကာလကို အခြောက်(ဝဲခြောက်)ဟုလည်းကောင်း သတ်မှတ်ခေါ်ဆိုလေ့ရှိကြပါသည်။ ၎င်းရောဂါ၏ **ဖြစ်ဆဲလက္ခဏာများ** အနေဖြင့် ဝဲယားနာ(အစိုနာ)တွင် ယားယံခြင်း၊ အရေပြားအကြားတွင် ဖြစ်ပေါ်ခြင်း၊ ပြည်တည်သော အနာဖေးများတွေ့ရှိရခြင်း၊ ၎င်းအနာဖေးများကို ခွာလိုက်ပါက တွင်းသဏ္ဌာန်တွေ့ရှိရခြင်းနှင့် ကူးစက်တတ်ခြင်း စသည်တို့ကိုလည်းကောင်း၊ ဝဲယားနာ(အခြောက်နာ)တွင် ယားယံခြင်း၊ အရေပြားအကြားတွင် ဖြစ်ပေါ်ခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ အရေပြားအရောင် မည်းခြင်းနှင့် ကူးစက်တတ်ခြင်း စသည်တို့ကိုလည်းကောင်း အသီးသီးတွေ့ရှိရမည်ဖြစ်သည်။

ဝဲယားနာအတွက် **သောက်ဆေး**အဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ)နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၇ (နွယ်ချိုကဲဆေး)နှစ်ပဲသားတို့ကို ရေနွေးနှင့် တစ်နေ့လျှင် သုံးကြိမ်မှ လေးကြိမ်အထိတိုက်ရန်၊ အကယ်၍ ဝမ်းချုပ်ပါက ညအိပ်ရာဝင်ချိန်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၂(စက္ခုပါလဆေး)လေးပဲသားကို ရေအေးနှင့်တိုက်ရန်၊ ကလေးများအတွက် ဖော်ပြပါဆေးအချိန်အဆပမာဏ အသီးသီး၏ တစ်ဝက်နှုန်းကိုသာ တိုက်ရန်နှင့် ဆီးချိုရှိသူဖြစ်ပါက ဆီးချိုကျဆေးကိုပါ တွဲဖက်တိုက်ပေးရန်ဖြစ်သည်။ ၎င်းဝဲယားနာကို လက်ဖက်ခြောက်ပြုတ်ရည်ဖြင့်ဖြစ်စေ၊ တမာရွက်ပြုတ်ရည်ဖြင့်ဖြစ်စေ ဖန်ဆေးပေးရမည်ဖြစ်ပြီး **လိမ်းဆေး**အဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၉ (သဗ္ဗဗေယျဆေးစပ်ကြီး) တစ်ဆနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး) နှစ်ဆတို့ကို ရောစပ်လျက် သနပ်ခါးရည်ဖြင့် လူးပေးရန်ဖြစ်သည်။ ဝဲယားနာ ရောဂါရှိသူအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အမြဲဂရုစိုက်၍ အေးခါးအရသာရှိသော အစားအစာများကို စားရမည်ဖြစ်ပြီး အေးချိုဆိမ့်အစားအစာများကိုစားခြင်း၊ မသန့်ရှင်းသော မြေ၊ ရေ၊ လေ၊ နေရာထိုင်ခင်း၊ အထိအတွေ့၊ မကောင်းသော အနံ့အသက်၊ ညှော် စသည်တို့ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ အကယ်၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ယှဉ်တွဲနေသော နာတာရှည် ဝဲယားနာများ ဖြစ်ပွားပါက သင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရမည်။

(၄) သွေးလွန်တုပ်ကွေးရောဂါ။ ။ ဖြစ်ပွားရခြင်းအကြောင်းများမှာ အပူနှင့်အအေး အားပြိုင်သောဥတု(ပူတစ်လှည့် အေးတစ်လှည့်) ဒဏ်ခံစားရခြင်း၊ အေးဒီးစ်ခြင်(Aedes-aegypti) ကိုက်ခြင်းမှ ကူးစက်ခံရခြင်း၊ ခန္ဓာကိုယ်တွင်း တေဇောဓာတ် လွန်ကဲဖောက်ပြန်ပြီး အပူချိန်ပြင်းထန်၍ ဖျားခြင်း စသည်တို့ဖြစ်သည်။ ၎င်းရောဂါ၏ **ရှေ့ပြေးလက္ခဏာများ** အဖြစ် တငွေ့ငွေ့ဖျားခြင်း၊ ကိုယ်ပူခြင်း၊ ကိုက်ခဲနာကျင်ခြင်း၊ မှိန်းနေလိုခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး **ဖြစ်ဆဲလက္ခဏာများ**မှာ ရောဂါအစပျိုးချိန်တွင် ဖျားနာနေရာမှ ရုတ်တရက် အပြင်းဖျားခြင်း၊ ကြွက်သားများနာခြင်း၊ အဆစ်များနာခြင်း၊ အရေပြားအစက်အပြောက်များထွက်ခြင်း၊ သွေးလန့်ခြင်း၊ သွေးလှည့်ပတ်မှုပျက်စီးခြင်း၊ မအီမသာဖြစ်ခြင်း၊ ရင်ညွန့်တွင် မအီမသာဖြစ်ခြင်း၊ ညာဘက်အသည်းနေရာ နာခြင်းနှင့် သွေးခြည်ဥသကဲ့သို့ အရေပြားတွင် အစက်အပြောက်ထွက်ခြင်း စသည်တို့ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကို အဆင့်ဖြင့် ခွဲခြားမည်ဆိုပါက **ပထမအဆင့်** လက္ခဏာမှာဖျားခြင်းနှင့် Tourniquet test (ခေါ်) သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် ဖိအားပေးလျှင် လက်ဖျံရှေ့၌ အစက်အပြောက်များ ထွက်လာတတ်ခြင်း၊ **ဒုတိယအဆင့်**လက္ခဏာမှာ အထက်ပါလက္ခဏာများအပြင် အရေပြားအောက်၌ အလိုလိုသွေးယိုခြင်း၊ **တတိယအဆင့်** လက္ခဏာမှာ သွေးလှည့်ပတ်မှုပျက်ယွင်းခြင်း၊ သွေးပေါင်ချိန်တိုင်းလျှင် အရေးပေါ်သွေးနှင့် အောက်သွေး ခြားနားမှုအလွန်နည်းခြင်း၊ ဂဏှာမငြိမ်ဖြစ်ခြင်း၊ အရေပြားအေးစက်လာခြင်း၊ **စတုတ္ထအဆင့်** လက္ခဏာမှာ သွေးလန့်ခြင်းဖြစ်လာပြီး အရေပြားများအေးစက်နေခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ ပါးစပ်တစ်ဝိုက်ပြာလာခြင်းနှင့် သွေးပေါင်ချိန်တိုင်းရာ၌ အပေါ်သွေး-အောက်သွေးခြားနားချက် အလွန်လျော့နည်းလာခြင်း၊ ၂၀ မီလီမီတာပြဒါး(20mmHg) သို့မဟုတ် ၎င်းထက်နည်းခြင်း၊ သွေးပေါင်ချိန်လျော့နည်းလာခြင်း စသည်တို့ဖြစ်လာတတ်ကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်တတ်ခြင်းတို့ ဖြစ်ပါသည်။

၎င်းသွေးလွန်တုပ်ကွေးရောဂါအတွက် ပြုစုကုသနည်းမှာ အချိုရည်များများတိုက်ရန်၊ ကံ့ကော်ဝတ်ဆံပြုတ်ရည်ကို သကြား/ဂလူးကို့စ်တို့ဖြင့် အချိုပေါ့တိုက်ပေးရန်၊ အဘိညာဉ်ဆေးအေးတစ်ပဲသားကို ကံ့ကော်ဝတ်ဆံပြုတ်ရည်နှင့် တစ်နေ့လေးကြိမ်တိုက်ရန်၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၄ (သူငယ်နာမုတ် လေးစင်းဆေး)ရွေးလေးတစ်ရွေး တစ်နေ့နှစ်ကြိမ်တိုက်ရန်တို့ဖြစ်ပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို သနပ်ခါး၊ ကရမက်တို့ဖြင့် အရည်ကျဲကျဲလိမ်းပေးရန်ဖြစ်သည်။ ဂရုပြုလိုက်နာဆောင်ရွက်ရမည့် အချက်များမှာ မိခင်နို့ရည်ကို အထူးဂရုစိုက်တိုက်ရန်၊ဖော်ပြခဲ့သော ကံ့ကော်ဝတ်ဆံပြုတ်ရည်နှင့် သကြား/ဂလူးကို့စ်တို့ကို မကြာခဏ တိုက်ပေးရန်နှင့် ကြေကျက်လွယ်ပြီး အားဖြစ်စေသော ဆန်ပြုတ်ကျဲကျဲကို တိုက်ပေးရန်တို့ဖြစ်၍ ရှောင်ကြဉ်ရမည့် အချက်များမှာ ပူ-ခါး-စပ် အရသာရှိသော ဆေးများ၊ ဆေးပြား၊ဆေးမှုန့်များ တိုက်ကျွေးခြင်းနှင့် မာသောအစာများ ကျွေးခြင်းတို့ဖြစ်သည်။ အကယ်၍ လူနာသည် သွေးပေါင်ချိန်ခြားနားချက် အလွန်နည်းခြင်း၊ အပြင်းဖျား၍ သတိလစ်ခြင်း၊ သွေးလန့်ခြင်း၊ သွေးအန်ခြင်းများ ဖြစ်ပွားလာပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။**(ဆက်လက်ဖော်ပြပါမည်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီ ဖာသိုလာဟီ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်းအား အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီ ဖာသိုလာဟီ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်း၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးသာအောင်ညွန့်နှင့် တာဝန်ရှိသူများ၊ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မာဂျစ် ဘိစ်မာ့ခ်တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား ဂျပန်နိုင်ငံမှဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား ဂျပန်နိုင်ငံ Mitsubishi Cooperation မှ General Manager Mr. Kiyoyoshi Katagiri သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်များ၌ သင်ကြားရေးအထောက်အကူပစ္စည်းများ ကူညီဖြည့်ဆည်းပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက် တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား ဂျပန်နိုင်ငံ Mitsubishi Cooperation မှ General Manager Mr. Kiyoyoshi Katagiri လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၀ ခုနှစ် ဇွန်လထုတ် သုတပဒေသာစာစောင် အတွဲ(၃၇) အမှတ်(၇)ကို ဘာသာပြန်စာပေများ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ ဒေါက်တာကျော်စိန်၊ ဒေါက်တာခင်မောင်ညွန့်၊ မောင်ပေါ်ထွန်း၊ တင်မောင်မြင့်၊ မြတ်ငြိမ်း၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ မောင်မြင့်ကြွယ်၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ပါမောက္ခ ဒေါက်တာအောင်မြင့်ဦး(မြန်မာစာ)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ တင်ကြည်အောင်(တွံတေး)၊ ခင်စောတင့်၊ ဒေါက်တာမြင့်မြင့်သိန်း စသည့် စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများပါဝင်သည်။

အဆိုပါ သုတပဒေသာစာစောင်တွင် မာတီ၊ ရှေးအဲဒိုခေတ်က ပြည်သူကြိုက်ပန်းချီ၊ တစ်ဟုန်ထိုး တိုးတက်လာသော ဒူဘိုင်း၊ ရေအောက်ဥမင် စူးစမ်းချင်သူ၊ ရာသီဥတုပြောင်းလဲမှုနှင့် ဟိမဝန္တာရေခဲမြစ်များ၊ အာရှတိုက်ကလေသန့်၊ သင်ပန်းသီးလား သစ်တော်သီးလား၊ လက်ဖက်ရည်ကြမ်း၏ စွမ်းပကား၊ ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ၊ ၂၀၅၀ အမီ ရေအရင်းအမြစ်၊ ပန်းသီးတစ်လုံး နေ့စဉ်စားသုံးခြင်း၏အကျိုး၊ မိတဆိုးများ၏မိခင်၊ ဆန်းသစ်ဖွေရှာ ဆေးပညာ၊ စာရေးကောင်းသူဖြစ်လိုသော်၊ ကလေးကြီးထွားဖွံ့ဖြိုးမှုအပေါ် မိသားစုဘဝ၏ လွှမ်းမိုးထားမှုများ၊ မှန်သားပြင်ကစာ၊ စံဘာသာစကား၊ ကိုယ့်ဘဝကိုယ်ဖန်တီးပါ၊ အံ့ဖွယ်ဖြစ်စဉ်မှ သူရဲကောင်း၊ ၂၁ ရာစု ဆရာဝန်တစ်ဦး၏ မှတ်စုများ၊ ဆောင်းပါး၊ ဝတ္ထုများအပြင် လစဉ်ပါနေကျ ဘာသာပြန်ကဗျာနှင့် နိုင်ငံတကာ မြင်ကွင်း၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ နိုင်ငံတကာရယ်စရာဟာသ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း စသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတရသ အကြောင်းအရာမျိုးစုံ ပါရှိသည်။

ယခုလထုတ် သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိစာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိစာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ဘားအံ၌ ကျင်းပ

ဘားအံ ဇွန် ၁၆

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ဘားအံမြို့ ကန်သာယာရေကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်၍ ကန်အတွင်း ငါးမျိုးများစိုက်ထည့်ပေးသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများက ငါးခုံးမကြီးနှင့် တီလားပီးယား ငါးသားပေါက်ကောင်ရေ သုံးသိန်းကျော်ကို ဒေသတွင်း ငါးမျိုးမပြုန်းတီးစေရေး၊ ငါးသယံဇာတ ပေါကြွယ်ဝရေးနှင့် ပြည်သူများ ငါးစားသုံးမှု ပိုမိုရရှိရေးအတွက် စိုက်ထည့်ပေးကြောင်း သိရှိရသည်။

(ပြည်နယ်ပြန်/ဆက်)

Myanmar WWW Institute မှ အိုင်တီ သင်တန်းသစ်များ ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၆

Myanmar WWW Institute ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းမှ IT Essentials၊ System Essentials နှင့် Online Application Development OJT သင်တန်းများကို ဇွန်လအတွင်း ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

IT Essentials သင်တန်းတွင် Microsoft Window စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် Internet နှင့် Email အသုံးပြုနည်းတို့ကိုပါ သင်ကြားပေးမည်ဖြစ်သည်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ တစ်ချိန်နှင့် စနေ၊ တနင်္ဂနွေ တစ်ချိန်ရှိပြီး မိမိနှင့် အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရသည်။ သင်တန်းကာလမှာ နှစ်လခန့်ကြာမည်ဖြစ်သည်။

System Essentials သင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်း ပါဝင်သော စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ၊ Windows XP ၏ ဆောင်ရွက်ချက်တို့အပြင် System Installation၊ Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaning နှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့အပြင် LAN ချိတ်ဆက်နည်း၊ Data နှင့် Device များကို LAN အတွင်း Sharing ပြုလုပ်ခြင်း၊ Network Security စီမံခန့်ခွဲခြင်းစသည့် Network ဆိုင်ရာ ဘာသာရပ်များကို သင်ကြားရမည့်အပြင် Wide Area Network (WAN/ Internet) ၏ အဆင့်ဆင့် အလုပ်လုပ်ပုံ၊ TCP/IP အခြေခံကိုလည်း သင်ကြားရမည်ဖြစ်သည်။ သင်တန်းကာလမှာ တစ်လခွဲခန့်ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် လေးရက် (တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာ) တက်ရောက်သင်ကြားရမည်ဖြစ်သည်။

ဖွင့်လှစ်

အိုင်တီလုပ်ငန်းခွင်သို့ ဝင်ရောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများ၊ Software Development အတွေ့အကြုံမရှိသေးသည့် အိုင်တီလုပ်ငန်းခွင်မှ လူငယ်များအတွက် Online Application Development ကို အထူးလေ့ကျင့်သင်ကြားပေးမည့် OJT သင်တန်းကို ဇူလိုင်လ ပထမပတ်အတွင်း ဖွင့်လှစ်သွားမည် ဖြစ်သည်။

သင်တန်းချိန် နာရီပေါင်း ၃၀၀ ကျော်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး Programming ဘာသာရပ်များစွာကို ကျွမ်းကျင်ရုံမျှမက လက်တွေ့လုပ်ငန်းသုံး ဆော့ဖ်ဝဲတစ်ခုကို စတင်ဖန်တီးခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ကျောင်းသား၊ ကျောင်းသူများ တွေးခေါ်တတ်စေရန်နှင့် လက်တွေ့ပြုလုပ်နိုင်စေရန် စနစ်တကျ ရှင်းလင်းသင်ကြားပေးသွားမည်ဖြစ်သည်။

တန်းခွဲများအား လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများ အနေဖြင့် Myanmar WWW Institute အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၃၂၀၊ ၆၅၂၂၈၈၊ ၅၂၁၁၂၅ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၆

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)မှ ဦးဆောင်၍ ဒေးဒရဲမြို့နယ်သူ မြို့နယ်သားများ၊ ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) အသင်းဝင်မိသားစုများ၏ နဝမအကြိမ်မြောက် စုပေါင်းအလှူဒါနပြုပွဲကို အမှတ်(၅၇) အာဇာနည်လမ်း ဗဟန်းမြို့နယ် ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)တည်ရာ ဓမ္မာရုံကြီး၌ ဇူလိုင် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သား မိသားစုများ ကြွရောက်ပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ၀၉-၅၁၃၆၇၈၉၊ ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁၊ ဒေါ်ခင်ရီ ဖုန်း-၅၂၄၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်းနှင့် ဒေးဒရဲမြို့နယ် အသင်း(ရန်ကုန်)က ဇာတိမြေ ဒေးဒရဲမြို့တွင်လည်း စုပေါင်းလှူဒါန်းပွဲကို သွားရောက်ကျင်းပရန် စီစဉ်ထားကြောင်း သိရှိရသည်။

(ကြေးမုံ)

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့်အခမ်းအနားကို ဇွန် ၇ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်ခံရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများအား တိုင်းမှူးက ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ **(အပေါ်ဝဲပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ အမျိုးသားရေး တေးကဗျာ
၄း၄၅ ၅။ မွေးမြူသုတ
၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၂၂)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၂၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) -ဂရိနှင့် နိုင်ဂျီးရီးယား**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

၁၈-၆-၂၀၁၀ ရက်နေ့ (သောကြာနေ့)

၁း၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) -ပြင်သစ်နှင့် မက္ကဆီကို**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်

ရန်ကုန် ဇွန် ၁၆

၂၀၁၀ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် လုပ်ငန်းရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိနှင့် ဒေါ်မြတ်သီဂီ၊ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ဗဟို အလုပ်အမှုဆောင်များက လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြသည်။

ပြောကြား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်က အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင် ၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင် စကား ပြောကြားစဉ်။ (သတင်းစဉ်)

ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

သာစည် ဇွန် ၁၆

သာစည်မြို့နယ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းကို ဇွန် ၈ ရက်နံနက် ၈ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝါလားနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြပြီး အခမ်းအနားတွင် မိတ္ထီလာခရိုင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝါလားက သင်တန်းဖွင့်လှစ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသိန်းအောင်၊ ဦးဝင်းတင့်နှင့် အတွင်းရေးမှူး ဦးဟန်ထွန်းနိုင်တို့က ရွေးကောက်ပွဲ ဆိုင်ရာများနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်များ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ရှင်းလင်းပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၄ ရက်တွင်ရန်ကုန်မြို့ ကိုးမိုင်ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို တစ်ဦးချင်းအကျော ပေးပြိုင်ပွဲ (၀ မှ ၁၈)နှင့် တစ်ဦးချင်း သက်ကြီးတန်းပြိုင်ပွဲ (အသက်-၅၅ နှစ်နှင့် အထက်၊ ၀ မှ ၂၄)ပြိုင်ပွဲဟူ၍ အတန်း နှစ်တန်းခွဲ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၆၆၁၇၀၂၊ ၆၅ ၁၃၇၄၊ ၀၉ ၂၀၃၇၆၇၁ နှင့် မြန်မာ ဂေါက်ကလပ်တို့တွင် အမည်စာရင်း များ ပေးသွင်းနိုင်ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ကျေးလက်အိမ်ရာထူထောင်ရေး တစ်အိမ်ထောင် သစ်မာ အပင် ၂၀ ဖြန့်ဝေစိုက်ပျိုး

ရန်ကုန် ဇွန် ၁၆

သစ်တောဦးစီးဌာန ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်၏ ကျေးလက်အိမ်ရာ ထူထောင်ရေး၊ တစ်အိမ်ထောင် သစ်မာ အပင် ၂၀ ဖြန့်ဝေစိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က လိမ္မော်ခြံကျေးရွာအုပ်စု၌ ကျင်းပရာ သစ်တောဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဦးစီးအရာရှိ ဦးသန်းဝင်းက ကျေးလက်အိမ်ရာ ထူထောင်ရေး၊ သစ်မာအပင် ၂၀ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အိမ်ထောင်စု ၄၀၀သို့ ယူကလစ်ပျိုးပင် ၈၀၀၀ကို ဖြန့်ဝေပေးကာ **(အပေါ်ဝဲပုံ)** စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၂၆)

ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးနှင့် ယာဉ်အန္တရာယ်များ ဖြစ်ပွားမှုမရှိစေရေးတို့အတွက် ဆွေးနွေးဟောပြောပွဲကို ဇွန် ၁၁ ရက်က ကလေးမြို့ အထက (၁)၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ကလေး)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် အသိပညာပေးဟောပြောစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မွန်ပြည်နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများ ဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၆

မြန်မာ့စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ဇွန် ၁၂ ရက်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ ရှင်းလင်းဆောင်၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက စက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက ရော်ဘာအမိုးပြားကို အဓိကထားတီထွင် ထုတ်လုပ်ရေးနှင့် အရည်အသွေးပြည့်မီသော ထုတ်ကုန်များ ထုတ်လုပ်ကြရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဇွန် ၁၃ ရက်တွင် မုဒုံမြို့ ကျော်ကျော် အိုင်အိုဒင်းဆားကြိတ်စက်ရုံသို့ ရောက်ရှိကာ အိုင်အိုဒင်းဆားများ ကြိတ်ခွဲသန့်စင်နေမှု၊ စနစ်တကျ ထုပ်ပိုးထားမှုနှင့် စက်ရုံအတွင်း အပြင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၄ ရက်တွင် မော်လမြိုင်စက်မှုဇုန် ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မိမိနိုင်ငံနှင့် မိမိဒေသအတွက် အသုံးတည့် အသုံးများသည့် ဈေးကွက်ဝင် ကုန်ပစ္စည်းများ တီထွင်ထုတ်လုပ်ကြရေး၊ လုပ်ငန်းရှင်များအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ရိုင်းပင်းကူညီစိတ် မွေးမြူကြရေး စသည်ဖြင့် မှာကြားပြီး စက်မှုဇုန်အတွင်းရှိ လွန်သွားလုပ်ငန်း၊ သွပ်နန်းကြိုးလုပ်ငန်းနှင့် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အလင်းစေတမန် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီ နာယက၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် ရေနံချောင်းမြို့ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် စာကြည့်တိုက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

အလင်းစေတမန် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

မကွေးတိုင်း ရေနံချောင်းမြို့၌ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် အလင်းစေတမန် စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၈ နာရီတွင် ရေနံချောင်းမြို့ ရွာသစ်ရပ်ကွက်ရှိ အလင်းစေတမန် စာကြည့်တိုက်ဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) ဦးစိန်လှိုင်၊စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းတို့က အလင်းစေတမန် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အလင်းစေတမန် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီနာယက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်လှူဒါန်းပွဲကို ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းကောင်စီအဖွဲ့ဝင် (၂) ဦးစိန်လှိုင်နှင့် အလင်းစေတမန် စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ နာယက ဦးဝင်းကြည်တို့က စာကြည့်တိုက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနှင့် မကွေးတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များ အတွက် ငွေပဒေသာပင်၊ အဆောက်အအုံနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ အလင်းစေတမန် စာကြည့်တိုက် အတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစုတို့က ငွေကျပ်နှစ်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက ငွေကျပ် ၁၀ သိန်း၊ ကျေးရွာ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ သုတ၊ ရသ စာအုပ် ၃၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ သုတ၊ ရသ စာအုပ် ၁၃၀၀၊ Info rhythm maze ကုမ္ပဏီမှ 7 days news Journal စောင်ရေ ၁၅၀၀ နှင့် Internet Journal စောင်ရေ ၁၅၀၀၊ ရန်ကုန်မြို့ရှိ စာပေတိုက်များမှ ငွေကျပ် ၁၅၃၅၈၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၆၉၉ အုပ်၊ မဂ္ဂဇင်း အုပ် ၅၀၀၊ ဂျာနယ် ၇၅၃ စောင်တို့ကို အလှူရှင်များကိုယ်စား တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းကြပြီး အလင်းစေတမန် စာကြည့်တိုက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလင်းစေတမန်စာကြည့်တိုက် ဆောက်လုပ်ရေး ကော်မတီ နာယကက ပေးအပ်သည်။

ထို့နောက် အလင်းစေတမန် စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ နာယက ဦးဝင်းကြည်က ငွေပဒေသာပင် အလှူငွေ ကျပ်သိန်း ၁၀၀၊ ဆရာမကြီး ဒေါက်တာမတင်ဝင်းက အလင်းစေတမန် စာကြည့်တိုက်အတွက် ငွေပဒေသာပင် အလှူငွေကျပ် သိန်း ၁၀၀၊ ရေနံချောင်း စက်မှုဇုန် ရွှေနဂါးမော်တော်ဆိုင်ကယ်စက်ရုံပိုင်ရှင် ဒေါ်ဝင်းမော်ထွန်းက ငွေကျပ် ၁၆၀၀၀၀၀ တန်ဖိုးရှိ ပါဝါမီတာ၊ မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မကွေးတိုင်း အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ် ၂၅ သိန်း၊ အဆောက်အအုံ ၂၈ လုံး၊ ရေဒီယို ၄၄ လုံး၊ မကွေးခရိုင်အတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ငွေကျပ် ၁၂ သိန်း၊ ရေနံချောင်း ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာတင်အောင်က ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း အတွက် ငွေကျပ် ၁၄၃၃၁၅၀ တန်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် ၁၂၀၂ စောင်၊ ပုဂံစာပေတိုက်၊ သီဟရတနာစာပေတိုက်နှင့် ဒေါက်တာအောင်မြင့်ဦးတို့က ငွေကျပ် ၃၆၂၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၂၇၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာငွေကျပ် ၁၀၈၆၀၀၃၃၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် အမှုထမ်းကောင်းလက်မှတ် ရရှိသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် အမှုထမ်းကောင်း လက်မှတ် ရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ကမာရွတ်ရဲစခန်း သဟပုညမွှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် တပ်ဖွဲ့ဝင်သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင် ထောက်ပံ့ကြေးများ အသီးသီး ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်ပြီး လုပ်ငန်းတာဝန် ထူးချွန်စွာဆောင်ရွက်သူ တပ်ဖွဲ့ဝင်များအား မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး၏ အမှုထမ်းကောင်း လက်မှတ်နှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (ကြေးမုံ)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အများပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် အမှတ်(၇) နှင့် (၁၀) ရပ်ကွက်များ၌ ရေပေးဝေနေမှုကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အမှတ်(၉၀၂) ဂါလန်တစ်သိန်းဆံ့ ရေစုကန်သို့ ရေဝင်ရောက်မှုအခြေအနေကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂုသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ "ဩဃလေးဖြာလွတ်မြောက်နိုင်ပါစေ"တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
- ၆:၅၀ စေတီတို့ရဲ့ နှောင်တော်တံတွေးရွှေဆံတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ **MRTV-4** ကာတွန်းအစီအစဉ်
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၉)**
- ၈:၃၀ အလှတရားတို့လှိုင်ဝေ အဖိုးတန်နွေ
- ၈:၄၅ Activities In the City - Sony Expo 2010 Press Conference - မြန်မာဘရူဝါရီလီမိတက် စုပေါင်းသွေးလှူဒါန်းပွဲ
- ၉:၁၀ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
- ၉:၂၅ လှပစွာချုပ် ဂျူရိုးဦးထုပ်
- ၉:၃၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၀:၀၀ လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
- ၁၀:၁၅ ဈေးဝယ်လမ်းညွှန် (Easy Shop)
- ၁၀:၄၀ ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
- ၁၀:၅၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (သရုပ်ဆောင်၊ ဒါရိုက်တာ အကယ်ဒမီထွန်းထွန်းနိုင်) (အပိုင်း-၁)
- ၁၁:၁၅ နှစ်စဉ်ဝင်ငွေတိုးစေဖို့. . . သစ်မွှေးစိုက်ကြစို့
- ၁၁:၃၀ ဂီတသရုပ်ပြခန်း (ခင်ဘုဏ်းရဲ့အယုံလွယ်သူ အယ်လ်ဘမ်)
- ၁၂:၀၀ ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
- ၁၂:၁၀ ရတနာရွှေသိုက်
- ၁၂:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Lenovo ကုန်ပစ္စည်းသစ်များ ဖြန့်ချိခြင်း)
- ၁၂:၄၀ မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၁)ရင်သားကင်ဆာ
- ၁:၀၀ "ဩဃလေးဖြာလွတ်မြောက်နိုင်ပါစေ"တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Rock Beach)
- ၃:၁၅ အလှတရားတို့လှိုင်ဝေ အဖိုးတန်နွေ
- ၃:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၉)**
- ၄:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Stam -Pord City Business Institute Summer Kids 2010 Closing Ceremony)
- ၄:၂၀ စက်မှု(၁)၏စွမ်းပကား ကျန်းမာရေးအတွက်အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ)
- ၄:၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
- ၅:၀၅ Activities In the City - Sony Expo 2010 Press Conference - မြန်မာဘရူဝါရီလီမိတက် စုပေါင်းသွေးလှူဒါန်းပွဲ
- ၅:၃၀ အနုပညာမိုးကောင်းကင်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဈေးဝယ်လမ်းညွှန် (Easy Shop)
- ၆:၄၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (သရုပ်ဆောင်၊ ဒါရိုက်တာ အကယ်ဒမီထွန်းထွန်းနိုင်) (အပိုင်း-၁)
- ၇:၀၀ Fashion Music Festival (Rock Beach)
- ၇:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Stam-Pord City Business Institute Summer Kids 2010 Closing Ceremony)
- ၇:၄၀ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၉)**
- ၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၁)ရင်သားကင်ဆာ
- ၁၀:၂၀ Sports World
- ၁၀:၄၅ ဂီတသရုပ်ပြခန်း (ခင်ဘုဏ်းရဲ့အယုံလွယ်သူ အယ်လ်ဘမ်)
- ၁၁:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Lenovo ကုန်ပစ္စည်းသစ်များ ဖြန့်ချိခြင်း)
- ၁၁:၂၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
- ၁၁:၅၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟသ်ာတ)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၄ရက်က အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ အထကကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက ခြေကျင်လျှောက်သူများ၊ စက်ဘီးစီးသူများ၊ အနှေးယာဉ်များ လိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရုပ်ပြစာအုပ်ပါအချက်အလက်များကို ရုပ်ပုံကားချပ်များနှင့် တကွ ရှင်းလင်းပြောကြားရာ(ဝဲပုံ)ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။

(ကညန)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်(၄၆၀)၊ (၄)လွှာတွင် ပါတီရုံးချုပ်တည်ရှိသော ကမန်အမျိုးသားတိုးတက်ရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၆-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ အလံပုံစံ



ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❂ **ကျောဖုံးမှ**

မြောက်အမေရိကဇုန်က တက်လာတဲ့ ဟွန်ဒူးရပ်စ်အသင်းဟာ တောင်အမေရိကဇုန်က ချီလီအသင်းကို တစ်ဦးချင်းရော၊ အသင်းလိုက်မှာပါ ယှဉ်နိုင်ခြင်းမရှိဘဲ ခံစစ်အသွင်နဲ့သာ ကစားလာခဲ့ပါတယ်။ ချီလီအသင်းဟာ ပွဲစတာနဲ့ ဆန်ချက်ဇ်၊ ဗီဒယ်လ်၊ ဘောင်စီဂျာ၊ ဗယ်လ်ဒီဗီရာ တို့တွဲလုံးတွေနဲ့ တရစပ်ထိုးဖောက် တိုက်စစ်ဆင်ခဲ့တာကြောင့် ပွဲချိန် ၃၄ မိနစ်မှာ ညာတောင်ပံက အစ္စလာဂိုးရှေ့ထိုးပေးတာကို အသင့်ပါလာတဲ့ ဘောင်စီဂျာက ပိတ်သွင်းပြီး ချီလီအတွက် အဖွင့်ဂိုး ရယူနိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းမှာလည်း ချီလီအသင်းကသာ ကစားကွက်အသာနဲ့ ဟွန်ဒူးရပ်စ်အသင်းဘက်ကို ဆက်လက်တိုက်စစ်ဆင်လာခဲ့ပါတယ်။ ဒါပေမယ့် ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိဘဲ တစ်ဂိုးနဲ့သာ ကပ်နိုင်ခဲ့ပါတယ်။

စပိန် ၀-၁ ဆွစ်ဇာလန်

ယနေ့ညရဲ့ ဒုတိယပွဲစဉ်အဖြစ် စပိန်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွစ်ဇာလန်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။ စပိန်အသင်းရဲ့ ဂိုးပေါက်ကို ကာဆီးလက်စ်က တာဝန်ယူကာ နောက်တန်းမှာ ပူယိုး၊ ပီကေး၊ ရာမို့စ်နဲ့ ကပ်ဒီဗီလာတို့ ပါဝင်ခဲ့ပြီး အလယ်တန်းမှာ ဇာဗီ၊ အင်နီယေစတာ၊ အလွန်ဆို၊ ဘတ်စ်ကွက်စ်၊ ဒေးဗစ်ဆေးလ်ဗားနဲ့ ရှေ့တန်းမှာ ဒေးဗစ်ဗီလာတို့ကို ကစားစေခဲ့ပါတယ်။ ဒါကြောင့် လူစုံပွဲထွက်လာခဲ့တဲ့ စပိန်အသင်းဟာ အင်လာ၊ လစ်ချ်စတိုင်နာ၊ ဆန်းဒရို့စ်၊ ဘာနက်တာနဲ့ ကူဖိုတို့နဲ့ ပွဲထွက်လာတဲ့ ဆွစ်ဇာလန်အသင်းကို ကစားကွက်အသာစီး ရယူနိုင်ခဲ့ပါတယ်။

အရှုံးပေးရ

ပထမပိုင်းမှာ စပိန်အသင်းက ဂိုးပေါက်ကန်သွင်းမှု ခုနှစ်ကြိမ်ရှိခဲ့ပေမယ့် ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိဘဲ ဆွစ်ဇာလန်အသင်းက ဂိုးပေါက်ကန်သွင်းမှု တစ်ကြိမ်သာ ရရှိခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်း ၅၂ မိနစ်မှာ ဆွစ်ဇာလန်အသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်က တန်ပြန်တိုက်စစ်ကနေ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ စပိန်အသင်းဟာ ဘတ်စ်ကွက်စ်၊ ဆေးလ်ဗားနဲ့ အင်နီယေစတာတို့ကိုထုတ်ပြီး ဖာနန်ဒိုတောရက်စ်၊ နာဗက်စ်နဲ့ ပက်ဒရိုတို့ကို ထည့်ပြီးတိုက်စစ်မြှင့်လာခဲ့ပေမယ့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့တာကြောင့် ဆွစ်ဇာလန်ကို အရှုံးပေးလိုက်ရပါတယ်။

ဥတုရာသီ တောကိုမှီ၏

ဘရာဇီး ၂-၁ မြောက်ကိုရီးယား

ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ဘရာဇီးအသင်းနဲ့ မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဘရာဇီးအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဘရာဇီးအတွက် ဂိုးများကို ပွဲချိန် ၅၅ မိနစ်မှာ မိုင်ကွန်နဲ့ ပွဲချိန် ၇၂ မိနစ်မှာ အီလာနိုတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ မြောက်ကိုရီးယားအသင်းအတွက် ဂိုးကိုတော့ ၈၉ မိနစ်မှာ ဂျီယမ်နမ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဝင်းတင်
(ကြေးမုံ)



STI Education

like no other

STI က ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

STI သည် နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်များ၊ ဒီပလိုမာများ၊ အဆင့်မြင့်ဒီပလိုမာများနှင့် လုပ်ငန်းခွင်အရာရှိအဆင့် ဒီပလိုမာသင်တန်းများကို ပြည်ပကျောင်းများမှ အတွေ့အကြုံရှိ Native ဆရာများဖြင့် ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ သင်ကြားပေးခြင်း၊ အရည်အချင်းစစ်စာမေးပွဲများ စစ်ဆေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ဇွန် ၂၀ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသွားရန် စီစဉ်ထားသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများအတွက် STI ၌ လေ့ကျင့်သင်ကြားပေးသည့် Foundation သင်တန်းများအကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

STI ၏ ပညာရေးအတိုင်ပင်ခံများက STI သင်တန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပြည်ပတွင် ဆက်လက်တက်ရောက်နိုင်မည့် လမ်းကြောင်းများ၊ ဒီပလိုမာမှ ဘွဲ့လွန်အထိ တက်ရောက်နိုင်မည့် နယ်ပယ်အသီးသီးများအပြင် လက်ရှိရေပန်းစားလျက်ရှိသည့် အတတ်ပညာရပ်များအကြောင်းကိုပါ ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို STI Education အမှတ် (၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၀၅၆ နှင့် ၇၀၀၂၇၃ တို့သို့လည်းကောင်း၊ အဆောင် (၄) အခန်း (၇) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၀၇၀၄၆/၄၈ နှင့် ၅၀၇ ၁၅၁/ ၅၂ တို့သို့လည်းကောင်း ကြိုတင်စာရင်းပေးသွင်း၍ အခမဲ့ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** စစ်တွေမြို့တွင် ၆ ဒသမ ၀၆ လက်မ၊ အမ်းမြို့တွင် ၅ ဒသမ ၁၅ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၀၈ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ မန္တလေးမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၁ ဒသမ ၉၀ လက်မ၊ စစ်ကိုင်းမြို့တွင် ၁ ဒသမ ၅၈ လက်မနှင့် မင်းဘူးမြို့တို့တွင် ၁ ဒသမ ၅၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၇ ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်း အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မုတ်သုံလေအားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၀ ဒသမ ၂ ဒီဂရီစင်တီဂရိတ်) ၈၆ ဒီဂရီဖာရင်ဟိုက်		၁၅-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်) ၇၅ ဒီဂရီဖာရင်ဟိုက်		၁၆-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း		၁၆-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၁၅-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၆-၆-၂၀၁၀	၁ မမ	၁ မမ	၃ မမ
	(၀ ဒသမ ၀၄ လက်မ)	(၀ ဒသမ ၀၄ လက်မ)	(၀ ဒသမ ၁၂ လက်မ)
၁-၁-၂၀၁၀ မှ	၆၁၃ မမ	၆၇၃ မမ	၆၆၇ မမ
ယနေ့အထိ	(၂၄ ဒသမ ၁၃ လက်မ)	(၂၆ ဒသမ ၅၀ လက်မ)	(၂၆ ဒသမ ၂၆ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၅-၆-၂၀၁၀ ရက် ၁၅း၃၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

အာဂျင်တီးနား အမှတ်ပြည့်ရနိုင်ပြီး ပြင်သစ်အသင်း ခက်ခဲစွာရုန်းကန်ရဦးမည်

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံမှာ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ည ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်တွေမှာ အာဂျင်တီးနားအသင်း အမှတ်ပြည့်ရနိုင်ပြီး ပြင်သစ်အသင်းကတော့ အမှတ်ပြည့်ရရှိရေး ခက်ခဲစွာ ရုန်းကန်ရဦးမှာပါ။

အာဂျင်တီးနား-တောင်ကိုရီးယား
၁၇-၆-၂၀၁၀(ကြာသပတေးနေ့)
ညနေ ၆နာရီ

အုပ်စု(ဘီ)က အာဂျင်တီးနားအသင်းနဲ့ တောင်ကိုရီးယားအသင်းတို့အတွက် ဒုတိယမြောက်အုပ်စုပွဲစဉ်ပါ။ ပထမပွဲစဉ်မှာ နှစ်သင်းလုံး သုံးမှတ်ပြည့် ရရှိထားတာကြောင့် ဒီပွဲနိုင်တဲ့အသင်းက နောက်တစ်ဆင့် တက်နိုင်ဖို့အခြေအနေကောင်းသွားမှာပါ။

ဒီနှစ်သင်းရဲ့ ကစားသမားအင်အားစုဖွဲ့မှုကိုကြည့်ရင် အာဂျင်တီးနားအသင်းက အပြတ်အသတ်သာလွန်မှု ရရှိနေပါတယ်။ ဒါပေမယ့် ဂရိအသင်းကို အနိုင်ကစားသွားတဲ့ တောင်ကိုရီးယားအသင်းရဲ့ခြေစွမ်းကို အသိအမှတ်ပြုရမှာ ဖြစ်တာကြောင့် ဒီပွဲမှာ အာဂျင်တီးနားအသင်း နှစ်ဂိုးထက်ပိုဖို့ ခက်မှာပါ။

ဂရိ-နိုင်ဂျီးရီးယား
၁၇-၆-၂၀၁၀(ကြာသပတေးနေ့)
ည ၈း၃၀ နာရီ

ပထမပွဲစဉ်မှာ နှစ်သင်းလုံး ရှုံးပွဲကြုံထားတာကြောင့် ဒီပွဲမှာ ရလဒ်ကောင်းမွန်ရေးခြေကုန်ထုတ် ရုန်းကန်လာတော့မှာပါ။ ဂရိအသင်းထက်စာရင် ယိုဘို၊ အီသူဟူ၊ မာတင်နဲ့ ယာကူဘူတို့ရှိနေတဲ့ နိုင်ဂျီးယားအသင်းက ခြေအနည်းငယ်သာနေတာကြောင့် မိနစ် ၉၀ အပြီးမှာ နိုင်ဂျီးရီးယားအသင်း သုံးမှတ်အပြည့် ရယူသွားနိုင်မှာပါ။

ပြင်သစ်-မက္ကဆီကို
၁၈-၆-၂၀၁၀(သောကြာနေ့)
နံနက် ၁နာရီ

ပထမပွဲစဉ်မှာ နှစ်သင်းလုံးသရေပွဲကြုံထားတာကြောင့် တစ်မှတ်စီရရှိထားပါတယ်။ ပြင်သစ်အသင်းမှာ ရီဘာရီ၊ မာလူဒါ၊ အနယ်လ်ကာနဲ့ ဟင်နရီတို့ရှိနေပေမယ့် ခြေစွမ်းက အားရစရာမရှိသေးပါဘူး။ မက္ကဆီကိုကတော့ ဒေါ့စ်ဆန်းတို့စ်၊ ဘလန်ကို၊ ဖရန်ကို၊ ကက်စထရိုတို့အားနဲ့ ကွင်းလယ်ကစားကွက်ကောင်းနေပါတယ်။ နှစ်သင်းလုံးအတွက် အမှတ်က အရေးတကြီးလိုအပ်နေတာကြောင့် ခြေကုန်၊ ပညာကုန်ထုတ်လာမယ့် ဒီပွဲမှာ ကစားသမားအင်အားစုဖွဲ့မှုကောင်းတဲ့ ပြင်သစ်အသင်းက ပါးပါးလေး ကပ်နိုင်သွားမှာပါ။

အဆင်သင့်ဖြစ်နေ

တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ရန် အဆင်သင့်ဖြစ်နေသည့် အာဂျင်တီးနားအသင်း။

(ဓာတ်ပုံ-အင်တာနက်)

❖ **ဆူနာမီမှ**

ဆူနာမီရေလှိုင်း ကြိုတင်ဟောကိန်းထုတ်ရေးစနစ်ကို ကမ္ဘာ့နိုင်ငံများ၌ အသုံးပြုလာနိုင်ခြင်းဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်မည်ဆို၏။

ကမ္ဘာတစ်ဝန်းရှိ ပင်လယ်ကမ်းရိုးတန်းဒေသတွင် နေထိုင်သူပြည်သူများသည် ဆူနာမီရေလှိုင်း သတိပေးချက်ကို တိတိကျကျ မှန်မှန်ကန်ကန်ရရှိခြင်းဖြင့် ဘေးလွတ်ရာသို့ အချိန်မီရှောင်ရှားနိုင်ကြမည် ဖြစ်သည်။

မြေငလျင်ဗဟိုချက်အနီးရှိ ပင်လယ်ကမ်းရိုးတန်းဒေသ၌ ဖွင့်လှစ်ထားသော ဂျီပီအက်စ်စခန်းများက ထောက်ပံ့ပေးသည့် သတင်းအချက်အလက်များအပေါ် အခြေခံကာ ဆူနာမီရေလှိုင်း ဖြစ်ပေါ်လာနိုင်ခြင်း ရှိ၊ မရှိ တိတိကျကျ ခန့်မှန်းနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်က ပြောကြားသည်။

ဖေဖော်ဝါရီ ၂၇ ရက်က မြေငလျင်လှုပ်ခဲ့ရာတွင် ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ရှိ ဂျီပီအက်စ်စခန်းမှ ပေးပို့သော မြေပြင်လှုပ်ရှားမှုအခြေအနေကို နာဆာသိပ္ပံပညာရှင်များ ချက်ချင်းရရှိခဲ့သည်။ မြေငလျင်ဗဟိုချက်မှ ၁၄၆ မိုင်အကွာအဆိုပါစခန်းမှရရှိသော အချက်အလက်များကို အခြေခံကာ ပင်လယ်ကြမ်းပြင်လှုပ်ရှားမှုအနေအထားကို တွက်ချက်ပြီး ဆူနာမီရေလှိုင်းနှင့်ပတ်သက်၍ ကြိုတင်ဟောကိန်းထုတ်နိုင်ခဲ့သည်။

မြေငလျင်လှုပ်ခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်းတို့ကြောင့် ပင်လယ်ရေအောက်တွင် မငြိမ်မသက်မှု ဖြစ်ပေါ်ကာ ဆူနာမီရေလှိုင်း ဖြစ်ပေါ်နိုင်သည်။ ဆူနာမီရေလှိုင်းသည် တစ်နာရီလျှင် မိုင် ၄၅၀ အထိ အလွန်လျင်မြန်သောနှုန်းဖြင့် ရွေ့လျားနိုင်ပြီး ကမ်းစပ်သို့ဝင်လာချိန်တွင် ပေ ၁၀၀ ခန့်အထိမြင့်သော လှိုင်းလုံးကြီးများကို ဖြစ်ပေါ်စေနိုင်သည်။

အင်တာနက်။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့** တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အင်တာနက်မြေငလျင်သိပ္ပံသတင်း

ဆူနာမီရေလှိုင်းဘေးအန္တရာယ် ကြိုတင်ဟောကိန်း ထုတ်နိုင်ပြီ

ဝါရှင်တန် ဇွန် ၁၆

အမေရိကန်အာကာသအေဂျင်စီ(နာဆာ)မှ သိပ္ပံပညာရှင်များအဖွဲ့ တစ်ဖွဲ့သည် ဆူနာမီရေလှိုင်း ဖြစ်ပေါ်နိုင်ခြင်း ရှိ၊ မရှိ တိတိကျကျ ဟောကိန်းထုတ်နိုင်မည့် စနစ်တစ်ရပ်ကို အောင်မြင်စွာတီထွင် ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း ဇွန် ၁၆ ရက် သတင်းကြေညာချက်တွင် ဖော်ပြသည်။

အင်အားပြင်းထန်သော မြေငလျင် လှုပ်ပြီးနောက် ဖြစ်ပေါ်လာနိုင်သော ဆူနာမီရေလှိုင်းအရွယ်အစားကို ဟောကိန်းထုတ်နိုင်ရန် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ဖြန့်ကြက်ထားသော ဂြိုဟ်တုမြေပုံစနစ်(ဂျီပီအက်စ်)ကို အသုံးပြုနိုင်ကြောင်း နာဆာမှ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ တိုနီဆောင်းက ပြောကြားသည်။

ဆူနာမီရေလှိုင်းဂြိုဟ်တု ဟောကိန်းထုတ်ရေးစနစ်ကို မိမိတို့ စမ်းသပ်ခဲ့ရာ အောင်မြင်ကြောင်း ၎င်းက ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❖

ဘာသာပြန် - သတင်းလုလင်

ကမ္ဘာ့သမိုင်းတွင် အဆိုးရွားဆုံးသော ဆူနာမီ ရေလှိုင်းဘေးအန္တရာယ်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တွေ့ကြုံခဲ့ရသည်။ *(ဓာတ်ပုံ-အင်တာနက်)*

(၁၉) ကြိမ်မြောက် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မြင်ကွင်း

ချီလီတို့နိုင်ပြီး နာမည်ကြီးစပိန် မြင်းကောင်းခွာလိပ်

ဂျိုဟန်နစ္စဘတ် ဇွန် ၁၆

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အုပ်စု(H) ပွဲစဉ်များကို ယနေ့ညက ဆက်လက်ယှဉ်ပြိုင်ကစားကြရာမှာ ချီလီအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ နိုင်ပွဲအသီးသီးရရှိခဲ့ပါတယ်။

ဟွန်ဒူးရပ်စ် ၀-၁ ချီလီ

ဂူဗာရာ ဦးဆောင်တဲ့ ဟွန်ဒူးရပ်စ်အသင်းမှာ ပလာစီယို့စ်၊ ပါဗွန်၊ နူနက်ဇ်၊ အယ်လ်ဗာရက်ဇ် စတဲ့ အမာခံကစားသမားများနဲ့ ပွဲထွက်လာခဲ့ပြီး ဘရာဗိုဦးဆောင်တဲ့ ချီလီအသင်းမှာတော့ ဆန်ချက်ဇ်၊ ဗီဒယ်လ်၊ ဗယ်လ်ဒီဗီရာ၊ ဖာနန်ဒက်စ်၊ မီလ်လာ၊ ဘောင်စီဂျာနဲ့ အစ္စလာတို့ ပါဝင်လာခဲ့ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❂

ဆွစ်ဇာလန်အသင်းမှ ဖာနန်ဒက်စ် စပိန်ဘက်သို့ အနိုင်ဂိုးသွင်းယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၁၆

ယနေ့ နံနက် ၉ နာရီ ၄၇ မိနစ် ၃၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၃၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ပါပူဝါမြောက်ဘက် ကမ်းခြေအနီး)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)